မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေးဗစ်လစ်ပ်မန်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဥရောပကော်မရှင်ကိုယ်စားလှယ်အဖွဲ့ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေးဗစ်လစ်ပ်မန်သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ ဆာပါ မီအန်းပါးအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ ဆာပါ မီအန်းပါးသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၄

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃ရက်)

နိုင်ငံတော်တည်ဆောက်ရေးနှင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် မသန်စွမ်းသူများ အားကြိုးမာန်တက် လက်တွဲပါဝင်ဆောင်ရွက်

ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ယူအင်န်ဒီပီသည် မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ပေးနိုင်ရန် ၁၉၈၁ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်အဖြစ်လည်းကောင်း၊ ၁၉၈၂မှ ၁၉၉၃ခုနှစ်အထိကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ဆယ်စုနှစ်အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပြီး ၁၉၉၃ခုနှစ် (၄၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှ နှစ်စဉ် ဒီဇင်ဘာလ ၃ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့်စိတ်ဓာတ်မြင့်မားလာစေရန်၊ သန်စွမ်းသူများနည်းတူ တန်းတူရည်တူ အခွင့်အရေးများရရှိစေရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၄ခုနှစ်မှစ၍ နှစ်စဉ် အခမ်းအနားများ ကျင်းပခဲ့သည်။

နိုင်ငံတကာမသန်စွမ်းမှု သတ်မှတ်ချက်များဖြစ်သည့် အမြင်အာရုံချို့ယွင်းသူ၊ အကြားအာရုံချို့ယွင်းသူ၊ ကိုယ်လက်အင်္ဂါချို့ယွင်းသူ၊ ဉာဏ်ရည်မမီသူများကို ပြန်လည်ထူထောင်ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနက မသန်စွမ်း သက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း၊ မျက်မမြင်သင်တန်းကျောင်း၊ နားမကြားသော ကလေးများကျောင်းတို့ကို ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့၌ ဖွင့်လှစ်ပေးထားသည်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ထားသော မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း၊ ခဝဲခြံမျက်မမြင်ကျောင်း၊ ပခုက္ကူမျက်မမြင်ကျောင်း၊ ပြင်ဦးလွင်မျက်မမြင်ကျောင်း၊ မိတ္ထီလာမျက်မမြင်ကျောင်း၊ မြစ်ကြီးနားမျက်မမြင်ကျောင်း ဇဒင်မသန်စွမ်းသက်ငယ်များ၏ ပြုစုရာရိပ်မြုံနှင့် တောင်ကြီးဘုရားဖြူ မသန်စွမ်းဂေဟာများသည် မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်ပေးနေသော နေရာဌာနများ ဖြစ်ကြသည်။

နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများအပေါ် စိတ်ဓာတ်ရေးရာပိုင်းတွင် မြင့်မားတက်ကြွလာရန် လူ့ဘောင်အဖွဲ့အစည်းအတွင်း ဂုဏ်သိက္ခာ ပြည့်ပြည့်ဝဝဖြင့် တန်းတူရည်တူရပ်တည်နိုင်ရန် အလေးထားဖြည့်ဆည်းပေးလျက်ရှိရာ နိုင်ငံတကာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ပြီး ထူးချွန်ဆုများ ချီးမြှင့်ပေးကာ စိတ်ဓာတ်ရေးရာအပိုင်းကို မြှင့်တင်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်တည်ဆောက်ရေးနှင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် မသန်စွမ်းသူများ အားကြိုးမာန်တက် ပါဝင်လာရန် ဝိုင်းဝန်းဖန်တီးပေးပြီး သန်စွမ်းသူနှင့် မသန်စွမ်းသူများ တက်ညီလက်ညီပူးပေါင်းလက်တွဲ၍ အေးချမ်းသာယာသည့် လူ့ဘောင်သစ်ကို တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငါန်းဇွန်မြို့အထက မြတ်ဆရာပူဇော်ပွဲ

ငါန်းဇွန် ဒီဇင်ဘာ ၂

ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို ဒီဇင်ဘာ၂၆ရက်(စနေနေ့)တွင် ငါန်းဇွန်အထက အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှတပည့်များ တက်ရောက်နိုင်ရန်နှင့် အလှူငွေထည့်ဝင်လိုပါက ရန်ကုန် တွင် ဦးခင်မောင်ညို(ဘောဂဗေဒ) ဖုန်း-၀၉-၅၀၆၃၇၂၈၊ ဒေါ်သန်းနွဲ့ဦး ဖုန်း-၀၁-၂၉၀၈၆၈၊ ဒေါ်နီနီအေး ဖုန်း-၀၁-၃၇၁၅၇၀၊ မန္တလေးတွင် ဦးတင်မောင်ဝင်း ဖုန်း-၀၉-၂၀၀၄၇၉၇၊ ဒေါ်မွေးဖြူ ဖုန်း-၀၂-၇၂၁၁၄၊ ဒေါ်ခင်မြတ်မြတ်မိုး ဖုန်း-၀၉-၂၀၅၈၃၂၂၊ ဦးသန်းလွင်(ဂျစ်) ဖုန်း-၀၉-၂၀၂၂၇၇၊ စစ်ကိုင်းတွင် ဒေါ်စမ်းစမ်းမော်(မဒေါင်း) ဖုန်း-၀၇၂-၂၁၇၂၆၊ ဒေါ်ဝင်းဝင်းနု(မိုးယံကဖေး) ဖုန်း-၀၇၂-၂၁၂၀၉၊ ဆရာဦးစန်းလွင် ဖုန်း-၀၉-၆၄၆၃၆၁၉၊ နေပြည်တော်ပျဉ်းမနားတွင် ဦးမြင့်လွင် ဖုန်း-၀၆၇-၂၂၄၈၅ နှင့် ငါန်းဇွန်တွင် ဆရာကြီးဦးမောင်မောင်လတ် ဖုန်း-၀၆၆-၄၆၀၃၃၊ ဒေါ်နွဲ့ရီ ဖုန်း-၀၆၆-၄၆၁၅၆ နှင့် ဦးမြင့်ဇော် ဖုန်း-၀၆၆-၄၆၀၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဒီဇင်ဘာ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မှ ငါန်းဇွန်သို့ တိုက်ရိုက်အသွားအပြန် ကားထွက်မည်ဖြစ်ရာ ဒေါ်နွယ်နွယ်အေး(မနွယ်)ဖုန်း-၀၁-၅၈၁၅၉၁နှင့် ၀၉- ၅၁၂၄၆၆၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၄-၁၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် **(အာဋာနာဋိယသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (ဘ၀သင်ခန်းစာများ)
၈း၃၅	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင် (Intermediate Level)
၁၂း၁၀	အလုပ်အကိုင်အခွင့်အလမ်း (မြဝတီဘဏ်)
၁၂း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ငယ်သူမို့)
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘ၀အဖုံဖုံ (အကယ်ဒမီ ဇော်ဦး) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (ဆရာကောင်းတပည့်များ ပန်းကောင်းပန်ပါရစေ) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၃-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၃၀	၇။	မွေးမြူသုတ
၅း၄၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်
၆း၂၅	၁၂။	ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၈)
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၆)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု ငြိမ်းချမ်းဖွံ့ဖြိုးနေသော နယ်စပ်ဒေသများ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၇)

အကျဉ်းဦးစီးဌာနတွင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆန်းစစ်သုံးသပ်ရေးနှင့် အရည်အသွေးမြှင့် အလုပ်ရုံဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနတွင် အကျဉ်းထောင်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆန်းစစ်သုံးသပ်ရေးနှင့် အရည်အသွေးမြှင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ရက် နံနက်စနာရီက ကျင်းပသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း **(အပေါ်ပုံ)** နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာတို့က အမှာစကားပြောကြားကြသည်။

ကျင်းပခဲ့

အခမ်းအနားသို့ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဆေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အကျဉ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များ၊ ကျန်းမာရေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ၂၇ရက်မှ ၂၈ရက်အထိ ကျင်းပခဲ့သည်။ **(အကျဉ်းဦးစီးဌာန)**

ဘိုးဘွားရိပ်သာသို့လှူဒါန်း

ရန်ကုန်မြို့ သာကေတမြို့နယ် မြခွာညိုအိမ်ရာ မြတိုက်နေ သားမောင်ညီထွေးအားရည်စူး၍ မိခင်ကြီး ဒေါ်မြင့်မြင့်ဝင်းနှင့် သားသမီး၊ မြေးတစ်စုတို့က ဆွမ်း၊ ဆေး၊ အထွေထွေပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သိန်း၂၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို လာမည့် ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မှန်ကျောင်းဓမ္မသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ မိဘများနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ သားသမီးများစာရင်းကို အမှတ်စာရင်းမိတ္တူနှင့်တကွ နာယက ဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း-၅၄၉၉၄၈၊ ဦးသောင်းညွန့် ဖုန်း-၅၅၂၄၈၉၊ အတွင်းရေးမှူး ဦးထွန်းအောင်ရှိန် ဖုန်း-၅၅၆၄၇၂၊ တွဲဖက်အတွင်းရေးမှူး ဦးဖိုးချို ဖုန်း-၅၄၅၃၂၃၊ ဦးကြည်မြင့် ဖုန်း-၂၉၉၇၄၈၊ ဦးယုတင် ဖုန်း-၃၈၀၉၀၈ နှင့် ဦးသာဒွေး ဖုန်း-၇၂၈၈၃၂တို့သို့ ဒီဇင်ဘာ ၁၂ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြပါရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

❒ *ရှေ့ဖုံးမှ*

ခန့်အပ်လွှာပေးအပ်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ သံအမတ်ကြီး မစ္စတာ ဒေးဗစ်လစ်ပ်မန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

✳ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာယိုဟန်းနက်(စ်) ပီတာလိ(ခ်) နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ ဆာပါ မီအန်းပါး နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ခန့်အပ်လွှာပေးအပ်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ အမေရိကန်တို့ မောင်းသူမဲ့လေယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူပြည်သူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို ဒီဇင်ဘာ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ တည်ငြိမ်မှုရရှိရေး ဆောင်ရွက်ရန် ကန်တပ်ဖွဲ့တွင် ဆန္ဒမရှိ

လန်ဒန် ဒီဇင်ဘာ ၂

အမေရိကန်တပ်ဖွဲ့သည် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ရာထူးမှဖြုတ်ချခဲ့ပြီးနောက် အီရတ်နိုင်ငံတည်ငြိမ်မှုရရှိရေးအတွက် ပါဝင်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ၏ အဓိကအကြံပေးပုဂ္ဂိုလ်က နိုဝင်ဘာ ၃၀ရက်တွင် ပြောကြားသည်။

ပြောကြား

အမေရိကန်စစ်တပ်အနေဖြင့် အီရတ်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတာဝန်သည် ယင်းတို့၏တာဝန်ဖြစ်သည်ဟု မယူဆကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးအဖြစ် ၂၀၀၃ခုနှစ်တွင် ခန့်အပ်ခြင်းမခံရမီ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ထိပ်တန်းနိုင်ငံခြားရေးရာ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေးဗစ်မန်နင်းက ပြောကြားသည်။

မျှော်လင့်

အမေရိကန်တပ်ဖွဲ့က ယင်းတို့အနေဖြင့် စစ်တိုက်သည်ဟုယူဆကြောင်း၊ စစ်ပွဲပြီးဆုံးလျှင် အိမ်ပြန်ရန်မျှော်လင့်နေကြောင်း မန်နင်းက ပြောကြားသည်။ ဘာဆာရာမြို့ရှိ ဗြိတိသျှတပ်ဖွဲ့အနေဖြင့် ဒေသခံအီရတ်ပြည်သူများအား ပြောဆိုဆက်ဆံသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များကမူ အီရတ်ပြည်သူများအား ပြောဆိုဆက်ဆံမှုမပြုကြတော့ဟုလည်း မန်နင်းက ပြောကြားသည်။ (အင်တာနက်)

အမေရိကန်သမ္မတ အိုဘားမားနှင့် ပြင်သစ်သမ္မတ ဆာကိုဇီ အာဖဂန်နစ္စတန်အရေး ဖုန်းဖြင့်ဆွေးနွေး

ပါရီ ဒီဇင်ဘာ ၂

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီထံ နိုဝင်ဘာ ၃၀ရက်က ဖုန်းဆက်ပြီး အာဖဂန်နစ္စတန်အရေးဆွေးနွေးသည်။ အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည့် အိုဘားမား၏ အစီအစဉ်သစ်ကို မကြေညာမီတစ်ရက် အလိုတွင် ယင်းကဲ့သို့ ဆွေးနွေးခြင်းဖြစ်သည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးတို့ မိနစ် ၄၀ကြာဆွေးနွေးကြရာ၌ ကိုပင်ဟေဂင် ရာသီဥတုဆိုင်ရာ ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးကိစ္စ၊ အီရန်နျူကလီးယားကိစ္စနှင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကိုလည်း ဆွေးနွေးကြသည်ဟု ပြင်သစ် အယ်လ်လီဆီနန်းတော်က ပြောကြားသည်။

ထမ်းရွက်နိုင်ရေး

အမေရိကန်သမ္မတ အိုဘားမားက သူ၏ အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာသစ်နှင့် ပတ်သက်၍ ပြင်သစ်သမ္မတ ဆာကိုဇီကို အကြောင်းကြားပြီး အာဖဂန်နစ္စတန်ပြည်သူများက ယင်းတို့၏ တာဝန်ကို တိုးတက်ထမ်းရွက်နိုင်ရေးအတွက် အာဖဂန်နစ္စတန်တွင် ပြင်သစ်နိုင်ငံမှ တပ်ဖွဲ့ဝင်များရှိရန်လိုအပ်ကြောင်း ထည့်သွင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အသေခံဖောက်ခွဲ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗုံးခွဲတိုက်ခိုက်ရန်စီစဉ်မှု ဖလူးဂျာ၌ဖယ်ရှားနိုင်

အန်ဘာ ဒီဇင်ဘာ ၂

အီရတ်နိုင်ငံ ဖလူးဂျာမြို့ တောင်ပိုင်းတွင် နိုဝင်ဘာ ၃၀ရက်က ထောင်ထားသည့် ဗုံးနှစ်လုံးကို ရဲတပ်ဖွဲ့က အချိန်မီ ရှာဖွေဖယ်ရှားနိုင်ခဲ့ကြောင်း၊ ထို့ပြင် သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း အဆွက်အယ်လ်-အီရတ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖမ်းဆီး

အဆိုပါ ဗုံးများကို အမည်မသိ သေနတ်သမားများ ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဗုံးထောင်ထားရာ နေရာအနီးရှိ ကျေးရွာမှ သံသယရှိသူ သုံးဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်-အာဖဂန်သတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း အယ်မာလီဒေသ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အစိတ်အပိုင်းများကို ဒီဇင်ဘာ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်သို့ ကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်လျှင် ပါကစ္စတန်နိုင်ငံ မတည်မငြိမ်ဖြစ်လာနိုင်ဟုဆို

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ ကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကြောင့် ပါကစ္စတန်နိုင်ငံ မတည်မငြိမ်ဖြစ်သွားနိုင်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ယူစွပ်ရာဇာဂီလာနီက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခြင်းကြောင့် ပါကစ္စတန်နိုင်ငံအတွင်းသို့ စစ်သွေးကြွများ ပိုမိုဝင်လာနိုင်ကြောင်း ဝန်ကြီးချုပ် ဂီလာနီက နိုဝင်ဘာ ၃၀ရက်တွင် ပြောကြားသည်။

ထည့်သွင်းပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခြင်းကြောင့် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ်ဒေသအခြေအနေ ပိုမိုဆိုးရွားသွားနိုင်ကြောင်း ဝန်ကြီးချုပ် ဂီလာနီက ထည့်သွင်းပြောကြားသည်။

အမေရိကန်သမ္မတ အိုဘားမားက အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၃၄၀၀၀ ထပ်မံစေလွှတ်မည်ဟုမျှော်လင့်နေစဉ် ပါကစ္စတန်ဝန်ကြီးချုပ်က ထိုသို့ ပြောကြားခြင်း ဖြစ်သည်။ **(အင်တာနက်)**

လေကြောင်းစစ်ဆင်ရေး၌ အီရတ်လေးဦးဖမ်းဆီးခံရ

ဆာလာအယ်လ်ဒင် ဒီဇင်ဘာ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၉၀ခန့်အကွာရှိ ဆာလာအယ်လ်ဒင်ပြည်နယ် ဒါလွိုင်ရာမြို့တွင် လေကြောင်းစစ်ဆင်ရေးပြုလုပ်စဉ် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသားလေးဦးကို ဖမ်းဆီးသွားသည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါစစ်ဆင်ရေး ဆောင်ရွက်ရာ၌ ဒေသဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ခြင်းမရှိဟု သိရသည်။ **(အင်တာနက်)**

ကယ်ကွတ်ဗုံးပေါက်ကွဲမှု ၁၁ ဦးဒဏ်ရာရရှိ

ကယ်ကွတ် ဒီဇင်ဘာ ၂

အီရတ်နိုင်ငံ အနောက်တောင်ပိုင်း ကယ်ကွတ်မြို့ အယ်လ်ဟူဝေဂျက်ဒေသတွင် နိုဝင်ဘာ ၃၀ရက်က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ ၁၁ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အယ်လ်ဟူဝေဂျက်ဒေသ၌ အနုပညာရှင်များအဖွဲ့ရောက်ရှိစဉ် ၎င်းတို့နှင့် အရပ်သားများအကြားသို့ ဗုံးနှစ်လုံး ပစ်သွင်းကာ ဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သားခြောက်ဦး ပါဝင်ကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲ ဆာဟတ်ကွာဒါက ပြောကြားသည်။

ဆေးရုံသို့ပို့

ယင်းတိုက်ခိုက်မှုတွင် အကြမ်းဖက်သမားများဟု သံသယရှိသူနှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း၊ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ပို့ပေးခဲ့ရကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။ (အင်တာနက်)

အာဖဂန်ရှိ အမေရိကန်တပ်များအား တာလီဘန်များ တိုးမြှင့်တိုက်ခိုက်မည်ဆို

ကဘူးလ် ဒီဇင်ဘာ ၂

အမေရိကန်တပ်များနှင့် မဟာမိတ်တပ်များက အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေးထိန်းချုပ်သွားရေး ကတိပြုလိုက်ပြီးနောက် တာလီဘန်များက အမေရိကန်တပ်များအား တိုးမြှင့်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပြောကြား

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အာဖဂန်နစ္စတန်နိုင်ငံသို့ လုံခြုံရေးထိန်းချုပ်သွားရန် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ထပ်မံစေလွှတ်ရန် ဒီဇင်ဘာ ၁ရက်က ကြေညာခဲ့ပြီးနောက် အထက်ပါအတိုင်း တာလီဘန်တို့က တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

စေလွှတ်မည်

အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင်မဟုတ်သော အခြားသောနိုင်ငံများမှ နေတိုးတပ်ဖွဲ့ အနည်းဆုံး ၅၀၀၀ထပ်မံ စေလွှတ်မည်ဖြစ်ကြောင်းလည်း နေတိုး အတွင်းရေးမှူးချုပ်က ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဆေးရုံသို့ပို့ဆောင်

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ဗုံးနှစ်လုံး ဆက်တိုက်ပေါက်ကွဲရာ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၄၇၅ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၂၁၉၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၄၇၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၂၁၉၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဒီဇင်ဘာ ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၆၉ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၀၆၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၆၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၀၆၄ ဦး

(အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပသည့် နိုင်ငံတကာ ပင်လယ် ရေကြောင်းဆိုင်ရာ ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု တရုတ်နှင့် အီးယူ ပူးပေါင်းဆောင်ရွက်မည်

နန်ကျင်း ဒီဇင်ဘာ ၂

တရုတ်အစိုးရနှင့် ဥရောပသမဂ္ဂတို့အနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုတိုးမြှင့်ကာ ထိရောက်သောဈေးကွက်အခွင့်အလမ်း တိုးပွားလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆုံးဖြတ်

ယင်းကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် နန်ကျင်းမြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် တရုတ်-ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေး

အဆိုပါအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်၊ ဥရောပကောင်စီဥက္ကဋ္ဌနှင့် ဆွီဒင်ဝန်ကြီးချုပ် ဖရက်ဒရစ်ရိန်းဖရက်ဒ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျိုဇေမာနူအယ်ဘာရိုဆိုတို့တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

၂၀၁၀ ခုနှစ် ကမ္ဘာ့စီးပွားရေး နှစ်ရာခိုင်နှုန်း မြင့်တက်ဖွယ်ရှိ

တိုကျို ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး အခြေအနေမှာ နှစ်ရာခိုင်နှုန်းမြင့်တက်လာဖွယ်ရှိသည်ဟု ဂျပန်အစိုးရအဖွဲ့ ရုံးကခန့်မှန်းသည်။

အထောက်အကူပြု

တရုတ်နိုင်ငံအနေဖြင့် စီးပွားရေး အခြေအနေ ဆက်လက်ကောင်းမွန်နေဦးမည်ဖြစ်ပြီး ပြည်တွင်းဝယ်လိုအားက နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုကို အထောက်အကူပြုလျက်ရှိသည်ဟု ဂျပန်အစိုးရအဖွဲ့ရုံး၏ ကမ္ဘာ့စီးပွားရေးရာ အစီရင်ခံစာတွင် ဖော်ပြသည်။

ဖော်ပြ

ဥရောပနိုင်ငံများ၌ ၂၀၁၀ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး တစ်ရာခိုင်နှုန်းထက်မနည်း မြင့်တက်လာမည်ဟုယူဆရကြောင်း အဆိုပါအစီရင်ခံစာ၌ဖော်ပြသည်။ ***(အင်တာနက်)***

ယူရေနီယံစက်ရုံ တည်ဆောက်မှုရပ်ဆိုင်းရန် အိုင်အေအီးအေတိုက်တွန်း

တီဟီရန် ဒီဇင်ဘာ ၂

အီရန်၏ ဖော်ဒိုယူရေနီယံသန့်စင်စက်ရုံ တည်ဆောက်မှုရပ်ဆိုင်းရန် အိုင်အေအီးအေက အီရန်အစိုးရအားတိုက်တွန်းပြီး ရက်ပိုင်းအတွင်းမှာပင် နောက်ထပ်ယူရေနီယံသန့်စင်စက်ရုံ ၁၀ ရုံတည်ဆောက်ရန် အီရန်အစိုးရက အဏုမြူစွမ်းအင်အဖွဲ့ (အေအီးအို)ကို တာဝန်ပေးလိုက်သည်။

ချိုးဖောက်

အီရန်၏ လုပ်ရပ်သည် အီရန်နိုင်ငံအနေဖြင့် ယင်း၏တာဝန်ကိုထပ်မံချိုးဖောက်လိုက်ခြင်းဖြစ်သည်ဟု အမေရိကန် သမ္မတ အိမ်ဖြူတော်က ပြောကြားသည်။

ပြောကြား

ဗြိတိန်နိုင်ငံကလည်း ထိုသတင်းသည် စိုးရိမ်စရာတစ်ရပ်ဖြစ်ပြီး ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

အသုံးပြု

အီရန်သည်နျူကလီးယား လက်နက်ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု အနောက်အုပ်စုအင်အားကြီးနိုင်ငံများက ပြောကြားပြီး အီရန်ကမူ ယင်း၏နျူကလီးယား အစီအစဉ်မှာ ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက်ဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

နိုင်ငံတကာစက်ရုပ်ပြပွဲ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် နိုင်ငံတကာစက်ရုပ်ပြပွဲတွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်သည့် အိုကိုနီမီယာကီ စက်ရုပ်ကို ဒီဇင်ဘာ ၁ရက်ကတွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် စုစည်းသည်

အပိုင်စီးခံရသော နိုင်ဂျီးရီးယားရေနံတင်သင်္ဘော ဂါနာရေတပ်က ပြန်လည်လွှဲပြောင်းပေး

နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့အနီး ကမ်းလွန်၌ အပိုင်စီးခံခဲ့ရသော နိုင်ဂျီးရီးယား ရေနံတင်သင်္ဘောတစ်စင်းကို ဂါနာရေတပ်သင်္ဘောတစ်စင်းက ဓားပြများအားတိုက်ခိုက်ပြီး နိုင်ဂျီးရီးယားနိုင်ငံသို့ ဒီဇင်ဘာ ၂ ရက်က ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

ဗြိတိသျှ ရွက်လှေသမားငါးဦး အီရန်ပြန်လွှတ်ပေး

ပါရှန်ပင်လယ်ကွေ့တွင် အီရန်ရေတပ်မှ မကြာမီက မှားယွင်းဖမ်းဆီးခဲ့သော ဗြိတိသျှ ရွက်လှေသမားငါးဦးအား ဒီဇင်ဘာ ၂ ရက်၌ ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

စီးကရက်တင်သွင်းမှု မလေးရှားပိတ်ပင်မည်

မလေးရှားနိုင်ငံအတွင်းသို့ စီးကရက်တင်သွင်းမှုကို ၂၀၁၀ ခုနှစ် ဇွန် ၁ ရက်မှ စတင်ပိတ်ပင်သွားမည်ဖြစ်ကြောင်း မလေးရှားအစိုးရက ဒီဇင်ဘာ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

အိုင်အေအီးအေ အကြီးအကဲအဖြစ် ဂျပန်နိုင်ငံသား ယူကီယာအမာနို တာဝန်ထမ်းဆောင်

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲအဖြစ် ဂျပန်နိုင်ငံသား ယူကီယာအမာနိုက ဒီဇင်ဘာ ၂ ရက်မှစတင်ကာ တာဝန်ထမ်းဆောင်နေကြောင်း သတင်းထုတ်ပြန်သည်။

အိုပက်အဖွဲ့ ရေနံပိုမို ထုတ်လုပ်ရမည်

၂၀၀၉ခုနှစ် နောက်ဆုံးသုံးလပတ်အတွင်း ကမ္ဘာ့ရေနံအသုံးပြုမှုသည် တစ်နေ့လျှင် ရေနံစည် ၂၉ ဒသမ ၃သန်းကျော် ရှိနေရာ ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) အနေဖြင့် ရေနံပိုမိုထုတ်လုပ်ရမည်ဖြစ်ကြောင်း အီရန်က ဒီဇင်ဘာ၂ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားအရှေ့ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဆုလာဝေစီပြည်နယ်ကမ်းလွန်တွင် ဒီဇင်ဘာ ၂ရက်က ရစ်ချ်တာစကေး ၆အဆင့်ရှိသော ငလျင်လှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။

နစ်မြုပ်ခဲ့သော တရုတ်ငါးဖမ်းသင်္ဘောမှ ကပ္ပတိန်နှင့်သင်္ဘောသားများ ရှာဖွေတွေ့ရှိ

တရုတ်နိုင်ငံ ကျီကျင်းမြို့ကမ်းလွန်တွင် မကြာမီက နစ်မြုပ်ခဲ့သော ငါးဖမ်းသင်္ဘောမှ ကပ္ပတိန်နှင့်သင်္ဘောသားကိုးဦး၏ ရုပ်အလောင်းများကို ရေပြင်၌ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း တရုတ်အရာရှိများက ဒီဇင်ဘာ ၂ရက်၌ သတင်းထုတ်ပြန်သည်။

စင်ကာပူနှင့်တောင်ကိုရီးယား ကဏ္ဍစုံပူးပေါင်း

စင်ကာပူနှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကျိုးတူဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဒီဇင်ဘာ ၂ ရက်က အဆင့်မြင့်အစည်းအဝေးတွင် လက်မှတ်ရေးထိုးသည်။

အာဂျင်တီးနားမယ်ဟောင်း ဆိုလန်မက်နာနို အလှပြင်ခွဲစိတ်ကုသမှုကြောင့် ကွယ်လွန်

အာဂျင်တီးနားမယ်ဘွဲ့ရခဲ့သူ အသက် ၃၈နှစ်ရှိ ဆိုလန်မက်နာနိုမှာ ဆွဲဆောင်မှုရှိအောင် တင်ပါးခွဲစိတ်ပြုပြင်ပြီးနောက် ဆင့်ပွားရောဂါများဖြင့် နိုဝင်ဘာ ၃၀ရက်က ကွယ်လွန်သွားခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။အလှပြင်ခွဲစိတ်ကုသရာတွင် ဆေးထိုးသွင်းမှုများပါဝင်ကြောင်း၊ ဆေးရည်က အဆုတ်နှင့် ဦးနှောက်ထဲသို့ ဝင်ရောက်သွားခြင်းဖြစ်ကြောင်း နီးစပ်သည့်မိတ်ဆွေတစ်ဦးက ပြောကြားသည်။ ခွဲစိတ်ကုသမှုခံပြီး သုံးရက်ကြာတွင် အသက်ရှုကျပ်ပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု သတင်း၌ ဖော်ပြသည်။

အိန္ဒိယ ပန်ဂျပ်ပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွား

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်မြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းတစ်ခု၌ ဒီဇင်ဘာ ၂ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အိန္ဒိယတပ်ဖွဲ့ဝင်လေးဦးသေဆုံးကြောင်း အိန္ဒိယစစ်ဘက်က သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)*** ***(အင်တာနက်)***

3-12 (05).pmd 1 12/3/2009, 10:50 AM

အချိန်နှင့် အမျှ တိုးတက်ပြောင်းလဲနေသည့် ပညာ၊ နည်းပညာများ မျက်ခြည်မပြတ်လေ့လာ

စာပေဖတ်ရှုခြင်း အလေ့အထကို ပိုမိုစွဲမြဲလာစေရန် အလေးထား ကျင့်သုံးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး၌ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးများအား တွေ့ဆုံ၍ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးအရာရှိများသည် နိုင်ငံတော်အစိုးရက ပြည်သူများနှင့်အတူ လက်တွဲ အကောင်အထည်ဖော်ဆောင်နေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ လုပ်ငန်းစဉ်များ၊ အောင်မြင်မှုများ၊ နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု ပကတိ အမှန်တရားများကို ကျေညက်စွာ လေ့လာသိရှိပြီး ပြည်သူများထံ ပြန်ကြားအသိပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အခြေခံလိုအပ်ချက်ဖြစ်သည့် စာပေဖတ်ရှု လေ့လာခြင်းကို စွဲမြဲကျင့်သုံးဆောင်ရွက်နိုင်ရန် ကျေးရွာတိုင်းတွင် သတ်မှတ်စံ (၅)ရပ်နှင့် ကိုက်ညီသည့် ရေရှည် ခိုင်မာရှင်သန်သော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တိုးမြှင့်တည်ထောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်မှု အရည်အသွေး တိုးတက်မြင့်မားရေး၊ သက်သာချောင်ချိရေးတို့ကို တာဝန်ရှိသူများက မျက်ခြည်မပြတ် စီမံလေ့ကျင့်ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများ ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

နှုတ်ဆက်အားပေး

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးနှင့် ထူထောင်ပြီး စာကြည့်တိုက်များ သတ်မှတ်စံများနှင့်အညီ ရေရှည်ခိုင်မာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို စစ်ဆေးရန်အတွက် နိုဝင်ဘာ ၃၀ရက် နံနက် ၁၁နာရီတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် မွေ့တုံကျေးရွာ "ပညာတန်ဆောင်" စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်အဆောက်အအုံနှင့်ပရိဘောဂများအခြေအနေ၊ စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ထားသိုမှု၊ စာအုပ်အသစ်များဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရေရှည် ခိုင်မာရှင်သန်သော စာကြည့်တိုက်ဖြစ်လာအောင် စီမံဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် ကျေးလက်နေပြည်သူများအနေဖြင့် ကမ္ဘာတစ်ဝန်း အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် ပညာ၊ နည်းပညာနှင့် ကဏ္ဍအားလုံးကို မျက်ခြည်မပြတ် သိရှိလေ့လာနိုင်ရန်အတွက် စာပေဖတ်ရှုခြင်း အလေ့အထကို ပိုမိုစွဲမြဲလာစေရန် အလေးထား ကျင့်သုံးဆောင်ရွက်သွားကြရန်နှင့် ရေရှည်ခိုင်မာရှင်သန်သော ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တစ်ခုအဖြစ် အစဉ်ရပ်တည်နိုင်ရေးအတွက် ဒေသ အာဏာပိုင်များ၊ စေတနာရှင် အလှူရှင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး၌ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများအား ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

နှုတ်ဆက်အားပေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် မွေ့တုံကျေးရွာ ပညာတန်ဆောင် စာကြည့်တိုက်တွင် စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသ၌ မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့တွင် ၆ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၃ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၇တွင် Political Times အထူးအချပ်ပို အပါအဝင် ၂၀၁၀ တစ်ဆစ်ချိုးအကွေ့ မြန်မာမီဒီယာ အရှေ့ ပေါ်ထွန်းလာမည့် မီဒီယာကဏ္ဍ အခင်းအကျင်းသစ်အပေါ် သုံးသပ်ချက်များပါသည့် မျက်နှာဖုံးဆောင်းပါး၊ ပုဂ္ဂလိက ကျန်းမာရေး ဘာတွေ အလေးပေးမလဲ၊ ဆရာဝန်ကျင့်ဝတ်ဆိုင်ရာ သုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ထို့အပြင် သခင်တင်မြ၏ သမိုင်းမှတ်တမ်း အမှားများ၊ ဆရာ မောင်သာနု၏ ဒီမိုကရေစီ ရေလဲများ၊ ဆရာ ဒေါက်တာနေဇင်လတ်၏ ကွဲလွဲမှုမှ တူညီခြင်းစသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ ပရိသတ် သုံးသောင်းဆံ့ ဘောလုံးကွင်းသစ်ကြီးများ တရုတ်ပညာရှင်များနှင့် နေပြည်တော်တွင် တည်ဆောက်မည်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်ထိန်းရဲများချထားရန် စီစဉ်၊ ဆော်ဒီက မြန်မာကို ပထမဆုံးအကြိမ် ကန်ဒေါ်လာရှစ်သန်း အတိုးမဲ့ချေးမည်ဟုဆို၊ မြန်မာ့ပထမဆုံး ပလတ်စတစ်ရီ ဆိုက်ကယ်စက်ရုံများ တည်ဆောက်မည်၊ ရေကန်အတွင်း အလောင်းပေါ်သည်ဟု ထင်ကာ ဆင်းဆယ်သူ ရေနစ်သေဆုံး၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးအာမခံထားနိုင်တော့မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အထူးကုဆေးခန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုအကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ အပြောင်းအလဲကို ဘယ်လိုကျော်လွှားမလဲ၊ အချစ်ဆိုတာ အမျိုးမျိုးပြောင်းလဲနိုင်လို့ အဓိပ္ပာယ်မဖွဲ့ချင်ပါဘူး သရုပ်ဆောင်မင်းဦးနှင့် တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေး ကဏ္ဍများ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

အန္တာတိကရှိ ရေခဲများ မျှော်လင့်ထားသည်ထက် ပို၍ လျင်မြန်စွာ အရည်ပျော်ကျလျက်ရှိ၊ ဆေးလိပ်စွဲနေသည့် အကျင့်ကို ဖြတ်ပေးမည့် ကာကွယ်ဆေးသစ် ဖန်တီး၊ အိုမာဘင်လာဒင် ကုလသမဂ္ဂတွင် အလုပ်လုပ်ရန် ဆန္ဒရှိ၊ မွမ်ဘိုင်းမြို့ကို စစ်သွေးကြွများ တိုက်ခိုက်မှုမှ ကာကွယ်ရန် လုံခြုံရေးများ တိုးမြှင့်ဆောင်ရွက်၊ ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်လိုသူများ သစ်သီးနှင့် ဟင်းသီးဟင်းရွက်စား၊ စင်ကာပူ-တရုတ်နှစ်နိုင်ငံ မီဒီယာများ ပူးပေါင်းဆောင်ရွက်ရန် လီရှန်လွန်း မေတ္တာရပ်ခံ၊ ချစ်သူကို တူနှင့်ထုပြီး ယာဉ်တိုက်မှုအဖြစ် ဖန်တီးခဲ့သည့် ရဲအရာရှိ ထောင်ဒဏ်တစ်သက်ချမှတ်ခံရ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပဓာနိယင်္ဂတရားငါးပါး** တရားတော် ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)
၆:၅၀ ကံကူထွင်ဌ်ခေါင် ပိတ်ချင်းမြောင်
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ**(အပိုင်း-၁၅)
၈:၃၀ Sports World [Air Race (Porto) Part-2]
၈:၅၅ **မက်မဆုံးတဲ့ ပြက်လုံးများ** (မန်းဝင်း၊ ငြိမ်းချမ်း၊ ငမော့တော့)
၉:၁၅ နေပြည်တော်တောင်စခန်း ရွှင်လန်းဖွယ်နားခိုမယ် (MOUNT PLEASANT HOTEL)
၉:၃၅ Fashion Talk(ဒီဇိုင်နာနှင့် ဖက်ရှင်)
၁၀:၀၅ ပတ်ဝန်းကျင်သစ်၏ အလှပဆုံး လူနေမှုစနစ်
၁၀:၁၅ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ဒေါက်တာခင်မျိုးလှ)
၁၀:၃၅ Activities in the City (Cement and Concrete Technology ဆိုင်ရာဟောပြောပွဲ)
၁၀:၅၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
၁၁:၂၀ ပညာအလင်းဖြင့်.... လှပသော အနာဂတ်နေ့သစ်များဆီသို့
၁၁:၃၅ ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ (သုတေသနစာတမ်းဖတ်ပွဲ)
၁၁:၄၅ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၁:၅၅ ဂီတသရုပ်ပြခန်း (ဖိုးကာ-တိုးတိုးလေးပြောပါ)
၁၂:၂၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၂:၄၀ ညီညာဖြိုးဖြိုး ဂါရဝ
၁:၀၀ **ပဓာနိယင်္ဂတရားငါးပါး** တရားတော် ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival [Chatrium Dream Wedding(2)]
၃:၂၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
၃:၄၅ ပတ်ဝန်းကျင်သစ်၏ အလှပဆုံး လူနေမှုစနစ်
၃:၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ-အိန္ဒိယစီးပွားရေး စွမ်းဆောင်မှုပညာဖွံ့ဖြိုးတိုးတက်မှု ဌာန MIEDC၏ စွမ်းဆောင်မှုများ)
၄:၂၀ နေပြည်တော်တောင်စခန်း ရွှင်လန်းဖွယ်နားခိုမယ် (MOUNT PLEASANT HOTEL)
၄:၃၅ **ဂီတသမားတို့၏ရင်ခုန်သံများ (CRAB အဖွဲ့နှင့် တွေ့ဆုံခြင်း)**
၅:၀၀ Activities in the City (Cement and Concrete Technology ဆိုင်ရာဟောပြောပွဲ)
၅:၁၅ Shooting Location (သီရိဂုဏ်)
၅:၃၀ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
၆:၄၅ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ အလွဲများ)
၇:၁၀ Fashion Music Festival [Chatrium Dream Wedding(2)]
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Bridal Kiss Wedding Dress Accessories ဆိုင်သစ်ဖွင့်ပွဲ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ **မက်မဆုံးတဲ့ ပြက်လုံးများ** (မန်းဝင်း၊ ငြိမ်းချမ်း၊ ငမော့တော့)
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ**(အပိုင်း-၁၅)
၁၀:၀၀ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ အလွဲများ)
၁၀:၂၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ-အိန္ဒိယစီးပွားရေး စွမ်းဆောင်မှုပညာဖွံ့ဖြိုးတိုးတက်မှု ဌာန MIEDC၏ စွမ်းဆောင်မှုများ)
၁၀:၄၅ ဂီတသရုပ်ပြခန်း (ဖိုးကာ-တိုးတိုးလေးပြောပါ)
၁၁:၁၀ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာ ရယူခြင်းလုပ်ငန်း
၁၁:၂၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
၁၁:၄၀ အလှတရားတို့ ဖန်တီးရာ
၁၁:၅၅ ညီညာဖြိုးဖြိုး ဂါရဝ
၁၂:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာအဆင့်မီ ဘက်ထရီအိုးများ လှိုင်သာယာစက်မှုဇုန်မှ ထုတ်လုပ်ပေးနိုင်ပြီ

➤ သတင်းခရီးသည်-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

GP ဘက်ထရီစက်ရုံအတွင်း ဘက်ထရီအိုးများ တပ်ဆင်ထုတ်လုပ်နေမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂

ကမ္ဘာကျော်စွယ်စုံတီထွင်ပညာရှင်ကြီး သောမတ်အယ်ဒီဆင်သည် လူသားအကျိုးပြုတီထွင်မှုပေါင်း တစ်ထောင်ကျော်ရှိရာတွင် ဘက်ထရီအိုးတီထွင်မှုမှာ တစ်ခုအပါအဝင် ဖြစ်သည်။ သူ၏

လှိုင်သာယာစက်မှုဇုန် (၃) ဂျီပီ ဘက်ထရီစက်ရုံ၌ ထုတ်လုပ်ထားသော ဘက်ထရီအိုးများနှင့် ဂျီပီ မိုးရေဘူးများ ဤသို့ ပြသထားသည်ကို တွေ့ရသည်။ (မြန်မာ့အလင်း)

ဘက်ထရီအိုး တီထွင်နိုင်ခဲ့မှု အကျိုးကျေးဇူးကြောင့် မျက်မှောက်ခေတ်လူသားတို့အတွက် စက်မှုလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုခဲ့သည်ဆိုလျှင် မှားမည်မဟုတ်ပါပေ။

မှန်ပါသည်။ မျက်မှောက်ခေတ်တွင် လက်ပတ်နာရီများအတွင်း ထည့်သွင်းအသုံးပြုသည့် ဓာတ်ခဲသေးသေးလေးများမှအစ မော်တော်ကားများအထိ ဘက်ထရီများကို ထည့်သွင်းအသုံးပြုနေကြသည်။

အသုံးပြု

ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ နှစ်စဉ် မော်တော်ကားများ သန်းချီထုတ်လုပ်လျက်ရှိနေခြင်းကြောင့် ဘက်ထရီအိုး အသုံးပြုမှုမှာလည်း များပြားလာသည်ကို တွေ့ရသည်။ ထို့အပြင် ဘက်ထရီအိုးများကို နေအိမ်များ၌ မီးထွန်းရန်နှင့် ရုပ်မြင်သံကြားကြည့်ရှုနိုင်ရန်အတွက် အင်ဗာတာများနှင့် တွဲဖက်အသုံးပြုလျက်ရှိသည်ကိုလည်း တွေ့ရပေသည်။

လူနေမှု

တစ်နည်းဆိုရသော် တိုးတက်ပြောင်းလဲလာသော စက်မှုလုပ်ငန်းများနှင့်လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကြောင့် ဘက်ထရီအိုးများ လိုအပ်ချက်မှာ များပြားလာလျက်ရှိသည်။ မြန်မာနိုင်ငံ၌ နှစ်များစွာကပင် ဘက်ထရီအိုးများ ထုတ်လုပ်အသုံးပြုလုပ်ငန်းများ၊ ဘက်ထရီပြုပြင်ရေးဆိုင်များနှင့် ဘက်ထရီအားသွင်းဆိုင်များရှိခဲ့သည်။ သို့သော် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်သော စက်ရုံ ပေါ်ပေါက်လာခြင်းမှာ မကြာသေးပေ။

အဆင့်မီ

နိုင်ငံတော်က ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများ တစုတဝေးတည်းဖြစ်စေရန် စက်မှုဇုန်များ သတ်မှတ်တည်ထောင် ဖွင့်လှစ်ပေးပြီးနောက် နိုင်ငံတကာအဆင့်မီ ဘက်ထရီအိုးများ ထုတ်လုပ်နိုင်သော စက်ရုံကြီးတစ်ရုံလည်း ပေါ်ထွန်းလာခဲ့သည်။ ထိုစက်ရုံကြီးသည် လှိုင်သာယာမြို့က စက်မှုဇုန်(၃)မှာရှိသည့် GP (GREAT POWER) ဘက်ထရီစက်ရုံကြီးပင် ဖြစ်သည်။

အဆိုပါ ဘက်ထရီအိုးစက်ရုံကြီးမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ရိုစီရောင်းက သတင်းအဖွဲ့အား သိလိုသည်များ ရှင်းပြပေးသည်။

‘‘ကျွန်မတို့ GP ဘက်ထရီစက်ရုံကြီးဟာ နိုင်ငံတကာအဆင့်မီ Quality Product များ ထုတ်လုပ်ပေးနေတဲ့ စက်ရုံကြီး ဖြစ်ပါတယ်။ လက်ရှိ ဒီစက်ရုံကြီးက တကယ်ထုတ်လုပ်နိုင်တဲ့ စွမ်းအားရဲ့ ၂၀ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နေတာ ဖြစ်ပါတယ်။ ဒါတောင် တစ်လကို အလုံး ၁၀၀၀၀ ဝန်းကျင်ထုတ်လုပ်နေတာ ဖြစ်ပါတယ်။ မကြာမီမှာ တစ်လအလုံး ၁၅၀၀၀ကနေ အလုံး ၂၀၀၀၀အထိ တိုးထုတ်သွားဖို့ရှိ ပါတယ်။ လိုအပ်တဲ့ စက်မှုကုန်ကြမ်းတွေ ကိုတော့ ပြည်ပက တင်သွင်းပါတယ်။ ထုတ်လုပ်ပြီး ကုန်ချောတွေကိုတော့ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များဖြစ်တဲ့ ဒူဘိုင်း၊ စင်ကာပူ၊ မလေးရှားစတဲ့ နိုင်ငံတွေကို တင်ပို့ရောင်းချပေးပါတယ်။ ဒီစက်ရုံက ထုတ်လုပ်လိုက်တဲ့ ဘက်ထရီအိုးများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိလာအောင် အသုံးပြုတဲ့ နည်းပညာ၊ အသုံးပြုတဲ့ ကုန်ကြမ်းတွေပေါ်မှာ အခြေခံပါတယ်။ ခဲဆိုရင် ပြည်ပက တင်သွင်းတဲ့ ၉၉ဒသမ၉ အဆင့်ရှိတဲ့ ခဲသန့်စင်ကို သုံးပါတယ်။ အိုးအခွံဆိုရင်လည်း Poly Propylene ဖြင့် ပြုလုပ်ထားတဲ့ အိုးများကို သုံးပါတယ်။ လက်ရှိ ဒီစက်ရုံကြီးက ဘက်ထရီအမျိုးအစား ၁၀မျိုးလောက် ထုတ်လုပ်ပေးနေပါတယ်’’ ဟု မန်နေဂျင်းဒါရိုက်တာ ဒေါ်ရိုစီရောင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

သောက်ရေသန့်ထက်သန့်

ဘက်ထရီအိုးများသည် တာရှည်ခံနိုင်မှုမှာ သုံးစွဲသူများ၏ ထိန်းသိမ်းသုံးစွဲမှုအပေါ်မှာ မူတည်ကြောင်း၊ ဘက်ထရီအိုးများကို သုံးစွဲရာတွင် တစ်နာရီသုံးလျှင် တစ်နာရီ အားပြန်သွင်းပေးဖို့လိုကြောင်း၊ အိုးအတွင်း ဓာတ်အား ၂၀ရာခိုင်နှုန်းချန်ပြီး သုံးစွဲသင့်ကြောင်း၊ ဘက်ထရီခေါင်းများကို ကျပ်နေအောင် တပ်ဆင်သင့်ကြောင်း၊ ချောင်နေပါက ဘက်ထရီငုတ်များ ပျက်စီးတတ်ကြောင်း၊ ဘက်ထရီအိုးငုတ်တွင် ချေးများကပ်နေပါက ရေနွေးနှင့် ဆေးပေးသင့်ကြောင်း၊ ဘက်ထရီအိုးတွင် Low Level အောက်ရေခန်းသွားခဲ့လျှင် GP မှ ထုတ်လုပ်တဲ့ ဘက်ထရီမိုးရေကို သတိထားဖြည့်ပေးရန် လိုအပ်ကြောင်း၊GP မှထုတ်သော ဘက်ထရီမိုးရေသည် သောက်ရေသန့်ထက်ပင်သန့်၍ သုံးစွဲနေသူများအကြောင်း ဒေါ်ရိုစီရောင်း၏ ပြောပြချက်အရ သိရသည်။

ထုတ်လုပ်ပြီးသော ဘက်ထရီအိုးများ ဈေးကွက်သို့ တင်ပို့ရန် စက်ရုံဝန်ထမ်းများက ဤသို့ ထုပ်ပိုးကြရသည်။ (မြန်မာ့အလင်း)

အလုပ်အကိုင်

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် GP ကဲ့သို့ နိုင်ငံတကာအဆင့်မီ စက်ရုံကြီးများ ပေါ်ထွန်းလာခြင်းကြောင့် ပြည်တွင်း အလုပ်အကိုင်များ ပွင့်လန်းလာခြင်း၊ စက်မှုနည်းပညာရှင်များ တိုးပွားလာခြင်း၊ သွင်းကုန် အစားထိုး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရုံမက ပြည်ပဈေးကွက်များအထိ ထိုးဖောက် တင်ပို့လာနိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိနေပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတကာအဆင့်မီ ဘက်ထရီအိုးများ ထုတ်လုပ်နေသော ဘက်ထရီစက်ရုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နောက်ဆုံးရအားကစားသတင်း

ကာလင်းဖလား ကွာတားဖိုင်နယ်ပြိုင်ပွဲ မန်ယူနှင့် ဗီလာ အကြိုဗိုလ်လုပွဲတက်

လန်ဒန် ဒီဇင်ဘာ ၂

ကာလင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက စပါးအသင်းကို ဂစ်ဆင်၏ဂိုးများဖြင့် အနိုင်ရခဲ့သည်။

ပွဲထုတ်

မန်ယူနည်းပြ ဖာဂူဆန်က အဆိုပါပြိုင်ပွဲတွင် ဝါရင့်ကစားသမားများဖြစ်ကြသော နဗီးလ်၊ ဘရောင်း၊ ပတ်ဂျီဆန်၊ ဘာဘာတော့ဗ်တို့နှင့်အတူ လူငယ်ကစားသမားများဖြစ်ကြသည့် ဒီလက်၊ ဂစ်ဆင်၊ ဝဲလ်ဘက်၊ အိုဘာတန်၊ မာချီဒါအစရှိသော ကစားသမားများအား ပွဲထုတ်ခဲ့သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ဂစ်ဆင်က ဤသို့ သွင်းယူခဲ့သည်။ (ဓာတ်ပုံအင်တာနက်)

ပွဲစသည်နှင့် နှစ်ဖက်စလုံး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၁၆မိနစ်တွင် မန်ယူကစားသမားနဗီးလ်က လင်နွန်အား ကြမ်းတမ်းစွာကစားမိ၍ ဘန်တလေ ပြစ်ဒဏ်ဘောကန်သည်။ ယင်းကန်သော ပြစ်ဒဏ်ဘောမှ မန်ယူကစားသမား ဂစ်ဆင်ဘောလုံးရသွားပြီး ဂိုးဧရိယာအပြင်ဘက်မှ ကန်သွင်းယူလိုက်သဖြင့် စပါးဂိုးသမား၏ ဝဲဘက်အောက်ထောင့်မှ ဂိုးဝင်သွားခဲ့၍ မန်ယူတို့ အဖွင့်ဂိုးရခဲ့သည်။

မန်ယူကစားကွက် ပိုကောင်း

ယင်းဂိုးသွင်းယူနိုင်မှုကြောင့် မန်ယူကစားကွက် ပိုကောင်းလာသည်။ အချိတ်အဆက် မိမိဖြင့် စပါးနောက်တန်းကို ထိုးဖောက်ခြိမ်းခြောက်ကစားလာသည်။ ပွဲချိန် ၃၈မိနစ်တွင် မန်ယူကစားသမားဒီလက်၏ ဖြတ်တင်ဘောမှတစ်ဆင့် ဂစ်ဆင်က ဒုတိယအနိုင်ဂိုး သွင်းယူခဲ့ပြန်သည်။

ဒုတိယပိုင်းတွင် စပါးတိုက်စစ်မှူးများ ချေပဂိုးပြန်လည်သွင်းယူနိုင်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ သို့သော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်၍ ပွဲအပြီး မန်ယူက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ပို့စ်မောက်-ဗီလာ

ပို့စ်မောက်နှင့် အက်စ်တွန်ဗီလာတို့ ပွဲမှာလည်း ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲစပြီး ၁၀မိနစ်အကြာ ပို့စ်မောက်ကစားသမား ဒန်နီဝက်ဘာ ကန်တင်သောဘောလုံးကို အက်စ်တွန်ဗီလာကစားသမား ပီထရိုနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် ပို့စ်မောက်တို့အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ယင်းဂိုးသွင်းပြီး တစ်မိနစ်အကြာ ဟက်စကီးက ဗီလာအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၂၇မိနစ်တွင် မီလ်နာက အက်စ်တွန်ဗီလာအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ထိုးဖောက်ကစား

ဒုတိယပိုင်း ပြန်စချိန်တွင် နှစ်ဖက်စလုံး ခံစစ်အားကောင်းကောင်းဖြင့် ကစားနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၇၄မိနစ်တွင် အက်ရှ်လေယန်း၏ ဖြတ်တင်ဘောမှတစ်ဆင့် ဒေါင်းနင်းက ခေါင်းတိုက်ဂိုးဖြင့် အက်စ်တွန်ဗီလာအသင်းအတွက် တတိယမြောက်ဂိုးသွင်းယူခဲ့သည်။ ပို့စ်မောက်တို့ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ ကနူး၏ အနီးကပ်ဂိုးဖြင့် ပို့စ်မောက်တို့ ဒုတိယဂိုး သွင်းယူနိုင်ခဲ့သည်။

အက်ရှ်လေယန်း၏ ဖြတ်တင်ဘောမှတစ်ဆင့် ဒေါင်းနင်း(ယာအစွန်)က ဤသို့ ခေါင်းတိုက် သွင်းယူခဲ့သည်။ (ဓာတ်ပုံအင်တာနက်)

အက်စ်တွန်ဗီလာတို့ တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ ပွဲပြီးရန် တစ်မိနစ်အလိုတွင် အဘွန်လဟော ဖြတ်တင်ဘောမှတစ်ဆင့် အက်ရှ်လေယန်းက အက်စ်တွန်ဗီလာအတွက် စတုတ္ထမြောက်နှင့် ပွဲသိမ်းဂိုးကို သွင်းယူပေးခဲ့သည်။ ။

(အင်တာနက်)

အာကာကျော် - စုစည်းသည်

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေပြည်တော်တွင်ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh အား ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Cong Phung၊ စစ်သံမှူး Senior Colonel, Nguyen Van Vui နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စက်မှုနိုင်ငံဖြစ်ထွန်းရေး အဓိကမောင်းနှင်အားများ စက်မှုသင်တန်းကျောင်း(ဆင်တဲ)က မွေးထုတ်ပေးနေ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်မြို့တစ်ဖက်ကမ်း ဆင်တဲရွာ၊ ထိုဆင်တဲရွာမှ ပန်းတောင်းမြို့သို့ အသွား ကားလမ်းမှ ညာဘက်ဖြောင့်ဖြူးသော ကွန်ကရစ်လမ်းအတိုင်း မောင်းဝင်လိုက်သည်နှင့် လှပခံ့ညားသော အဆောက်အအုံကို မြင်တွေ့လိုက်ရသည်။ **"စက်မှုသင်တန်းကျောင်း(ဆင်တဲ)"**ဆိုသည့် ခံ့ညားသော ဆိုင်းဘုတ်နှင့်လိုက်အောင် လှသည့် အဆောက်အအုံပင်တည်း။

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း (ဆင်တဲ) အဆောက်အအုံ....။ (မြန်မာ့အလင်း)

ဆီးကြိုနေ

တောင်ကုန်းအမြင့်တွင် တည်ဆောက်ထားသဖြင့် ပတ်ဝန်းကျင်မြင်ကွင်းကို အပေါ်စီးမှ မြင်တွေ့ရသည်။ စိမ်းလန်းစိုပြည်ကာ တိတ်ဆိတ်ငြိမ်းချမ်းသည့် နယ်မြေ။ သင်တန်းကျောင်းအတွင်း ဝင်လိုက်သည်နှင့် **"စက်မှုပညာ ကြိုးစားရှာ နိုင်ငံ့အကျိုး ဒို့သယ်ပိုး"**ဟူသော ဆောင်ပုဒ်က ဆီးကြိုနေသည်။

စာသင်ဆောင်များ၊ လက်တွေ့လေ့ကျင့်မှု အဆောက်အအုံများကို သပ်ရပ်လှပစွာ မြင်တွေ့ရသည်။ သင်တန်းကျောင်းအတွင်း ကွန်ကရစ်လမ်းများက သပ်ရပ်သန့်ရှင်းနေပြီး လမ်းဘေးတစ်ဖက်တစ်ချက်၌ ရောင်စုံပန်းများက ပွင့်လန်းနေကြသည်မှာ စိတ်ရွှင်လန်းဖွယ်ရာပင်....။

တက်ရောက်သင်ကြား

စက်မှုသင်တန်းကျောင်း(ဆင်တဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီကျော်နှင့်တွေ့ဆုံခဲ့ရာ "အခုသင်တန်းကျောင်းမှာ သင်တန်းအမျိုးအစား ရှစ်မျိုး သင်ကြားပေးနေပါတယ်။ သင်တန်းကာလက တစ်နှစ်သင်တန်းဖြစ်ပြီး ဒီနှစ်အတွက် သင်တန်းသား သင်တန်းသူ ၂၀၅ ဦး တက်ရောက်သင်ကြားနေကြပါတယ်။ မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ်က လာရောက်တက်နေကြသူတွေဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယခုနှစ် တက်ရောက်သင်ကြားနေသော သင်တန်းသား သင်တန်းသူများတွင် သင်တန်းသား ၁၅၄ ဦးနှင့် သင်တန်းသူ ၅၁ဦး ပါဝင်ကြောင်း သိရသည်။ ယခုနှစ်အတွက် သင်တန်းကာလကို စက်တင်ဘာ၃ရက်မှ စတင်နေပေပြီ။

သင်ကြားပေး

စက်မှုသင်တန်းကျောင်း(ဆင်တဲ)သည် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနအောက်တွင် တည်ရှိသော သင်တန်းကျောင်းဖြစ်သည်။ ယခုနှစ် ဖွင့်လှစ်သင်ကြားပေးနေသည်မှာ သင်တန်းအမှတ်စဉ် (၂၉)ဖြစ်ရာ စက်မှုသင်တန်းကျောင်း (ဆင်တဲ) အနေဖြင့် သင်တန်းအမှတ်စဉ် (၁)မှ (၂၈)အထိ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၆၃၇ ဦးကို သင်ကြားပေးနိုင်ခဲ့ပေပြီ။

"စက်မှုသင်တန်းကျောင်း(ဆင်တဲ)မှာ သင်ကြားပေးမှု အပိုင်းကိုကြည့်ရင် စာတွေ့သင်ကြားမှု ၂၀ ရာခိုင်နှုန်း၊ လက်တွေ့သင်ကြားလေ့ကျင့်မှု ၈၀ ရာခိုင်နှုန်းဖြစ်ပြီး သီအိုရီပိုင်း သင်ကြားမှုကတော့ သီတင်းတစ်ပတ်ကို တစ်ကြိမ်သာ သတ်မှတ်ပေးထားပါတယ်။ ဘာသာရပ်အလိုက် အလုပ်ရုံတွေ၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းတွေနဲ့ သင်ကြားပေးနေခြင်း ဖြစ်ပါတယ်"ဟု ၄င်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ဘာသာရပ်များ

စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ဘာသာရပ်ရှစ်မျိုး သင်ကြားပေးလျက်ရှိသည်။ ယင်းဘာသာရပ်များမှာ စက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကိရိယာနှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း၊ စက်ရုံပစ္စည်း ဖစ်တာသင်တန်း၊ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း၊ လျှပ်စစ် စက်ပစ္စည်းထုတ်လုပ်မှုသင်တန်း၊ ပုံလောင်းပုံသွင်းပုံစံထုတ်လုပ်မှုသင်တန်းနှင့် စက်မှုပုံဆွဲသင်တန်းတို့ဖြစ်ကြသည်။

စက်မှုသင်တန်းကျောင်း(ဆင်တဲ) ကျောင်းသားများ အားလပ်ချိန်၌ ဤသို့ ပျော်ရွှင်စွာ ခြင်းခတ်ကစားလေ့ရှိကြသည်။ (မြန်မာ့အလင်း)

လျှောက်ထားနိုင်

စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ တက်ရောက်လိုသူများသည် အခြေခံပညာ အဋ္ဌမတန်း အောင်မြင်ပြီးသူဖြစ်ရမည်။ အသက် ၁၈နှစ်ထက်မငယ်၊ ၂၅နှစ်ထက်မကြီးသူ ဖြစ်ရမည်။ အိမ်ထောင်မရှိသူ ဖြစ်ရမည်။ စက်မှုဇုန်များမှ ဝန်ထမ်းများလည်း စက်မှုဇုန်၏ ထောက်ခံချက်အရ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဘာသာရပ်အလိုက် လက်တွေ့သင်ကြားလုပ်ကိုင်နေသည့် အဆောက်အအုံများသို့ သွားရောက်လေ့လာရာ သင်တန်းသားများ စိတ်ပါဝင်စားစွာ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ လက်တွေ့လုပ်ကိုင်ခြင်းမှ အကောင်းဆုံးအတွေ့အကြုံနှင့် အခက်အခဲများကို သိရှိနိုင်ကြမည်ဖြစ်သည်။ ထို့အတူ သီအိုရီအပိုင်း သင်ကြားမှုတွင်လည်း စနစ်တကျ သင်ကြားပေးနေသည်ကို တွေ့ခဲ့ရသည်။

စက်မှုသင်တန်းကျောင်း (ဆင်တဲ)ရှိ စာသင်ဆောင်များကို ဤသို့ သပ်ရပ်စွာ တွေ့ရသည်။ (မြန်မာ့အလင်း)

လေ့ကျင့်မှု

သင်တန်းကျောင်းတွင် အခြေခံလေ့ကျင့်ခန်းကာလ တစ်လခွဲထားရှိပြီး စက်မှုအခြေခံလေ့ကျင့်မှုအဖြစ် သံပြား၊ သံချောင်းများကို

နှုန်းစိန်

အား လက်ခံတွေ့ဆုံ

း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ
။ (အပေါ်ပုံ)

ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊
သည်တော် ဗိုလ်ချုပ်နမ်ဆိုရှုယ်လစ်သမ္မတနိုင်ငံ
က်နမ်ဆိုရှုယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး
(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)က သာယာလှပသော မြို့သိန်းနီ

➤ သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - တင်ထွေး(သတင်းစဉ်) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

နေပြည်တော် ဒီဇင်ဘာ ၂

လားရှိုးမြို့မှ နံနက် ၉နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့ရာ လမ်းတစ်လျှောက် နေရောင်ခြည်က စူးရဲစွာ ကျရောက်နေသည်။ စက်တင်ဘာလအလယ်သာ ရှိသေးသော်လည်း လားရှိုးမြို့တစ်ဝိုက်၌ မိုးသားတိမ်လိပ်တို့ ပျောက်ချင်းမလှ ပျောက်နေပြီး ကောင်းကင်ကြီး တစ်ခုလုံး ပြာလဲ့နေသည်။

စိမ်းစိုသာယာ

လားရှိုးမြို့နှင့် သိန်းနီမြို့သည် ၃၂မိုင်သာ ကွာဝေးပြီး လမ်းဘေးတစ်လျှောက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပြောင်းခင်းများကို မျက်စိတစ်ဆုံး တွေ့ရသည်။ တောင်စောင်း တောင်ခါးပန်းများ၌ သဘာဝ ဝါးတောများ ပေါက်ရောက်ရှင်သန်လျက်ရှိရာ ကြည့်လေရာရာ မြင်ကွင်းတစ်ခုလုံး စိမ်းစိုသာယာနေလေသည်။

ရေပူစမ်း

လားရှိုးမြို့မှ ၂၇ မိုင် အကွာ သိန်းနီမြို့ မရောက်မီ ငါးမိုင်ခန့်အလိုတွင် ရေပူစစ်ဆေးရေးစခန်းရှိသည်။ ရေပူထွက်သည့် ရေပူရွာကို အစွဲပြု၍ ရေပူစစ်ဆေးရေးစခန်းဟုခေါ်ခြင်းဖြစ်သည်။ ရေပူစစ်ဆေးရေးစခန်းကို နယ်စပ်ကုန်သွယ်ရေး လျင်မြန်ချောမွေ့စေရေးအတွက် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ကုန်တင်ကားကြီးများ၊ ခရီးသည်တင်ကားများ ရပ်နားကြသဖြင့် စားသောက်ဆိုင်တန်းများဖြင့် စည်ကားလျက်ရှိသည်။ ရေပူစစ်ဆေးရေးစခန်းကို တစ်နေ့လျှင် ပျမ်းမျှ အသွား၊ အပြန် မော်တော်ယာဉ်စီးရေ ၅၀၀ ကျော် ဖြတ်သန်းကြောင်း သိရသည်။

အလှချင်းပြိုင်

တောင်တန်းကြီးကို နောက်ခံပြုထားသော သိန်းနီမြို့အဝင်ရှိ ကွန်ကရစ်တံတားနှင့် မြို့ဦးကြာကန်တို့မှာ နေရောင်အောက်တွင် အလှချင်းပြိုင်နေကြသည်။ သိန်းနီမြို့တွင်း ရောက်ရှိချိန်တွင် နံနက် ၁၁နာရီ ထိုးခါနီးနေပေပြီ။ သိန်းနီမြို့သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိ၍ မိုးတွင်းကာလဖြစ်သော်လည်း မိုးမရွာသောအခါ အတော်လေးပူသည်။

တည်ရှိ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်အတွင်း တည်ရှိသော သိန်းနီမြို့နယ်သည် မြောက်ဘက်တွင် ကွတ်ခိုင်မြို့နယ်၊ အရှေ့ဘက်တွင် ကွမ်းလုံမြို့နယ်၊ တောင်ဘက်တွင် လားရှိုးမြို့နယ်၊ အနောက်ဘက်တွင် နမ္မတူမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၄၇၂ဒသမ ၈၉စတုရန်းမိုင် ကျယ်ဝန်းသည်။

သိန်းနီမြို့နယ်ကို ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂အုပ်စုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ စုစုပေါင်း ၅၀၀၀၀ခန့် နေထိုင်ကြသည်။ သိန်းနီမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၁၀၀တွင် တည်ရှိပြီး တောင်ပေါ်မြေပြန့်လွင်ပြင်ဖြစ်သည်။ နမ့်လီချောင်းနှင့် နမ့်စလပ်ချောင်းတို့ဖြစ်ပြီး နမ္မတူချောင်းအတွင်းသို့ စုပေါင်းစီးဝင်ကာ အရှေ့မှအနောက်သို့ဖြတ်သန်းစီးဆင်းသည်။

အားထား

နမ္မတူချောင်းအတွင်းသို့ စီးဝင်သော ချောင်းလက်တက်ပေါင်း ၂၇ခုရှိပြီး စိုက်ပျိုးရေးအတွက် နမ္မတူချောင်းနှင့် ချောင်းလက်တက်များမှ ရေ၊ မိုးရေ၊ ကန်သုံးကန်၊ အင်းတစ်အင်းနှင့် ဆည် ၂၂ခုတို့မှရရှိသော ရေအရင်းအမြစ်များကို အသုံးပြုသည်။ သောက်သုံးရေအဖြစ် တောင်ကျချောင်းရေ (ရေတံခွန်)နှင့် တွင်းရေတို့ကို အားထား အသုံးပြုရသည်။

အထင်ကရ

သိန်းနီမြို့၏ အထင်ကရ အမှတ်အသားများထဲတွင် မြို့အဝင်၌တွေ့ရသော နောင်မိုကြာကန်(ခေါ်) မြို့ဦးကြာကန်သည် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ မြို့ဦးကြာကန်သည် လားရှိုးမြို့မှအဝင် အမှတ်(၂)ရပ်ကွက် (ဟိုနောင်ရပ်ကွက်)၌ တည်ရှိပြီး ဧရိယာ ၂၂ဒသမ ၂၄၇ဧကကျယ်ဝန်းသည်။ မြို့ဦးကြာကန်အနီးတွင် ခံ့ညားထည်ဝါသော အောင်မင်္ဂလာခန်းမကို တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ရာ မြို့ကျက်သရေဆောင် ဖြစ်နေသည်။

သိန်းနီမြို့နယ် စည်ပင်သာယာရေး ဦးစီးဌာနသည် မြို့တွင်းလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ ကတ္တရာလမ်း ၁၂လမ်း စုစုပေါင်း သုံးမိုင်၊ ကျောက်ချောလမ်း ၁၂လမ်း စုစုပေါင်း ၂ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၁၀လမ်း စုစုပေါင်း ၃မိုင် ၇ ဖာလုံတို့ဖြစ်သည်။

စိမ့်စမ်းရေသွယ်

သစ်သားတံတား ရှစ်စင်း၊ ရေပြွန်တံတားကိုးစင်း တည်ဆောက်ပေးခဲ့ပြီး ကျေးရွာချင်းဆက် လမ်းများအဖြစ် ကျောက်ချောလမ်း ၁၄မိုင် ၄ဖာလုံ၊ မြေသားလမ်း ၅၁ မိုင် ၄ ဖာလုံ ဖြစ်သည်။ မြို့ရေပေးရေးအတွက် ရေဂါလန် ၃၂၀၀ဆံ့ ရေကန် တည်ဆောက်လျက်ရှိသည်။ သိန်းနီမြို့နယ်အတွင်း ကျေးလက် ရေပေးရေးမှာ စိမ့်စမ်းရေသွယ်ခြင်းပင်ဖြစ်သည်။

သိန်းနီမြို့တွင် ငါးရက်ဈေးနေ့တိုင်း၌ မြို့မဈေးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်ရှိ ဈေးတန်းရပ်တွင် စည်ကားသည်။ သိန်းနီမြို့မှ မူဆယ်ဘက်သို့အထွက်တွင် ကျောက်တောင် ရှုခင်းသာရှိရာ ညနေခင်းတွင် စားသောက်ဆိုင်၌ အနားယူအပန်းဖြေရင်း စားသောက်နိုင်ကြသည်။ သိန်းနီမြို့နယ်တွင် မြို့မဈေး၊ နမ့်စလပ်ဈေး၊ စယ်အူဈေး၊ နားတီးဈေး၊ စံလောင်းဈေး၊ ကျောင်းခမ်းဈေး၊ ကွန်ကောက်ဈေးနှင့် မိုင်းပါးဈေးတို့ရှိသည်။

စိုက်ပျိုး

သိန်းနီမြို့နယ်တွင် စိုက်ပျိုးမြေ ၅၁၅၄၂ဧက၊ တောရိုင်းမြေ ၁၂၇၅၁၆ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေဧက ၃၆၄၀၊ မြေလွတ်မြေရိုင်း ၆၇၃၇၅ ဧက၊ ကြိုးဝိုင်း၊ ကြိုးပြင်တော ၁၉၈၂၁ ဧက ဖြစ်သည်။ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ငါးတို့ကို မွေးမြူပြီး စပါး၊ ပြောင်း၊ ပဲပုပ်၊ မြေပဲ၊ ပဲစင်းငုံ၊ နှမ်း၊ သစ်ဆိမ့်၊ နေကြာ၊ ကြက်ပေါင်စေး၊ ကြံ၊ ငရုတ်၊ အာလူး၊ ကော်ဖီ၊ လက်ဖက်၊ ငှက်ပျောနှင့် သစ်သီးပင်များ စိုက်ပျိုးကြသည်။

လက်ကမ်းကြိုဆို

မြို့ဦးကြာကန်၊ ကျောက်တောင်ရှုခင်းသာ၊ စိမ်းမြမြ စပါးခင်းနှင့် ရေတံခွန်တို့ဖြင့် အလှဆင်ယင်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က သာယာလှပသော သိန်းနီမြို့ကလေးသည် ခရီးသွားဧည့်သည်များကို လက်ကမ်း ကြိုဆိုလျက်ရှိပါကြောင်း ကွင်းဆင်းခရီး ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့ကို အပေါ်စီးမှ ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

သိန်းနီမြို့အထွက်မှ ကျောက်တောင်ရှုခင်းသာ၏ သာမောဖွယ်မြင်ကွင်း....။ (သတင်းစဉ်)

သိန်းနီမြို့အဝင် လမ်းမကြီးနံဘေး၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။ (သတင်းစဉ်)

လျှောက်ထားနိုင်

စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ တက်ရောက်လိုသူများသည် အခြေခံပညာ အဌမတန်း အောင်မြင်ပြီးသူဖြစ်ရမည်။ အသက် ၁၈နှစ်ထက်မငယ်၊ ၂၅နှစ်ထက်မကြီးသူ ဖြစ်ရမည်။ အိမ်ထောင်မရှိသူ ဖြစ်ရမည်။ စက်မှုဇုန်များမှ ဝန်ထမ်းများလည်း ဖြတ်တောက်ခြင်း စသည့် လေ့ကျင့်မှုများ ပြုလုပ်ကြရသည်။ ဘာသာရပ်အလိုက် အကြိုရှင်းလင်းပွဲများကိုလည်း တစ်ပတ်ကြာ ပြုလုပ်ပေးပြီး သင်တန်းကာလတစ်လျှောက် လေ့ကျင့်သင်ကြားစေခြင်းဖြစ်သည်။ စက်ရုံသို့ ကွင်းဆင်းကာ လက်တွေ့ဆောင်ရွက်မှုကိုလည်း သီတင်းနှစ်ပတ်ကြာ ပြုလုပ်ကြရသည်။ နောက်ဆုံး၌ စာမေးပွဲကျင်းပပြီး အောင်လက်မှတ်များ ချီးမြှင့်ပေးသည်ဖြစ်ရာ စနစ်ကျပြီး သင်တန်းသား သင်တန်းသူများ အမှန်တကယ်မြောက်သည့် သင်တန်းလည်းဖြစ်သည်။

င်း(ဆင်တဲ)
ချိန်၌ ဤသို့
ားလေ့ရှိကြ
ာ့အလင်း)

စက်မှုဇုန်၏ ထောက်ခံချက်အရ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဘာသာရပ်အလိုက် လက်တွေ့သင်ကြားလုပ်ကိုင်နေသည့် အဆောက်အအုံများသို့ သွားရောက်လေ့လာရာ သင်တန်းသားများ စိတ်ပါဝင်စားစွာ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ လက်တွေ့လုပ်ကိုင်ခြင်းမှ အကောင်းဆုံးအတွေ့အကြုံနှင့် အခက်အခဲများကို သိရှိနိုင်ကြမည်ဖြစ်သည်။ ထို့အတူ သီအိုရီအပိုင်း သင်ကြားမှုတွင်လည်း စနစ်တကျ သင်ကြားပေးနေသည်ကို တွေ့ခဲ့ရသည်။

လေ့ကျင့်မှု

သင်တန်းကျောင်းတွင် အခြေခံလေ့ကျင့်ခန်းကာလ တစ်လခွဲထားရှိပြီး စက်မှုအခြေခံလေ့ကျင့်မှုအဖြစ် သံပြား၊ သံချောင်းများကို

မွေးထုတ်ပေး

စက်မှုသင်တန်းကျောင်း(ဆင်တဲ)၏ အဆောက်အအုံများကို လိုက်လံလေ့လာပြီးနောက် ပြန်လည်ထွက်ခွာခဲ့သည်။ စက်မှုဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းစေရန် အဓိကမောင်းနှင်အားများကို မွေးထုတ်ပေးနေသော စက်မှုသင်တန်းကျောင်း(ဆင်တဲ)အကြောင်း အတွေးထဲက အချိန်အတန်ကြာသည်အထိ မထွက်တော့ပါချေ။ ။

(မြန်မာ့အလင်း)

စည်းသုံးတန်

ဒေါက်တာသန်းဦး

သတ္တလောကသား သတ္တဝါများသည် အတုခိုးသန်သူများ ဖြစ်ကြသည်။ ထိုအထဲတွင် သတ္တလောက၌ အသိဉာဏ်အရှိဆုံးလည်းဖြစ်၊ အသိဉာဏ်ကို အသုံးအချတတ်ဆုံးလည်းဖြစ်သော လူသားတို့သည်ကား အတုအခိုးဆုံးသူများ ဖြစ်ကြပေသည်။

ထိုသို့သော သဘောရှိသည့်လူသားများကို အသက်အရွယ် အပိုင်းအခြားအလိုက် မွေးကင်းစမှ အသက်နှစ်ဆယ့်လေးနှစ်ပြည့်သည်အထိ ပထမအရွယ်၊ အသက်နှစ်ဆယ့်ငါးနှစ်မှ လေးဆယ့်ကိုးနှစ်ပြည့်သည်အထိ ဒုတိယအရွယ်နှင့် အသက်ငါးဆယ်နှင့်အထက်ကို တတိယအရွယ်ဟု ပိုင်းခြားလေ့ရှိပေရာ ဤနေရာတွင် လူသားတို့၏ ပထမအရွယ် (တစ်နည်းအားဖြင့်) လူငယ်လူရွယ်တို့နှင့် စပ်လျဉ်း၍ အဓိကထား ဆွေးနွေးတင်ပြလိုပါသည်။

လူငယ်လူရွယ်တို့အကြောင်း အဓိကထားတင်ပြရခြင်းမှာလည်း 'အစကောင်းမှ အနှောင်းသေချာ' ဟူသော ရှေးပညာရှိများ၏ အလွန်မှန်ကန်လှသည့် ဆိုရိုးစကားကြောင့်ပင် ဖြစ်သည်။ တစ်ဖန် လူငယ်လူရွယ်ကိုလည်း အသက်နှင့်အသိ အပိုင်းအခြားအရပင် မွေးကင်းစမှ အသက် တစ်ဆယ့်နှစ်နှစ်ပြည့်သည်အထိ ကလေးအရွယ်၊ အသက်တစ်ဆယ့်သုံးနှစ်မှ အသက် တစ်ဆယ့်ကိုးနှစ်ပြည့်သည်အထိ ဆယ်ကျော်သက်အရွယ်နှင့် အသက် နှစ်ဆယ်မှအသက် နှစ်ဆယ့်လေးနှစ်ပြည့်သည်အထိ အရွယ်ရောက်ပြီး လူငယ်ဟူ၍ သုံးပိုင်းထပ်မံပိုင်းနိုင်ပြန်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပုခက်သို့ မရောက်မီ အမိ၏ ဝမ်းကြာတိုက်တွင် ရှိနေစဉ်ကပင် စတင်အတုခိုးသန်ခဲ့သော လူသားငယ်သည် သူ၏ကလေးဘဝကို ဖြတ်သန်းစဉ် ပတ်ဝန်းကျင်ဖြစ်သော မိဘ၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ ကြီးတော်မိကြီးများနှင့် ဖွဲ့စည်းထားသော မိသားစုဝန်းကျင်သည် သူ၏ အတုခိုးစရာ စံကွင်းပြင်များဖြစ်ခဲ့ကြပေရာ ကောင်းသောအတုများစွာကို ခိုးခဲ့ကြသည့်နည်းတူ ဆိုးသောအကျင့်စရိုက်လက္ခဏာဆိုးများကိုလည်း အတုခိုးမှားတတ်ကြပေသည်။

ဤတွင် ဤအရွယ်၌ အတုခိုးမှား၍ အဆိုးတရားများစွာ သံသရာရှည်တတ်သော ပထမဦးဆုံးသော အန္တရာယ်ကို ဦးစွာထောက်ပြ၍ စည်းရိုးခြားပိုင်းထား ကန့်သတ်လိုပါသည်။ အဆိုပါ အန္တရာယ်ကား အခြားမဟုတ်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ပင် ဖြစ်သည်။ လူကြီးများသည် ကလေး၏ရှေ့တွင်ပင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းဓလေ့ကို မြိန်ရေရှက်ရေ လုပ်လေ့ရှိကြ၏။ ဤသည်ကို ကလေးကလည်း အထင်ကြီး၏။ အားကျ၏၊ စမ်းသပ်လို၏၊ သုံးစွဲလို၏။ ဤသို့ဖြင့် ကလေးဘဝမှာပင် ဆေးလိပ်၊ ကွမ်းတို့၏ ကျေးကျွန်ဖြစ်ရချေတော့သည်။ လူကြီးများအနေဖြင့် 'ငါလုပ်သလိုမလုပ်နှင့်၊ ငါပြောသလိုလုပ်' ဟု ဗွတ်အမိန့်ပေး၍မရ၊ ကိုယ်တိုင်ကပင် အကြောင်းကြောင်းကြောင့် ဆေးလိပ်၊ ကွမ်း သုံးစွဲမိပါက မိမိ၏ မျိုးဆက်သစ်များ ဆေးလိပ်၊ ကွမ်းဒဏ်မခံရစေရန် မိမိကိုယ်တိုင်ကပင် ရဲဝံ့စွာ ဖြတ်ရပေမည်။ တစ်နည်းအားဖြင့် မိမိနှင့် မိမိဝန်းကျင်တွင် 'ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်သောဝန်းကျင်' ဖြစ်ရေး အစဉ်သတိချပ် စည်းရိုးခတ်ရမည်။

အသက်တစ်ဆယ့်သုံးနှစ်မှ တစ်ဆယ့်ကိုးနှစ်အရွယ်တွင်ကား သူ၏စံပြုအတုခိုးသည့် ဝန်းကျင်မှာ ငယ်စဉ်ကကဲ့သို့ မိသားစုဝန်းကျင် မဟုတ်တော့ပေ။ လူကြီးမိဘ၊ မိသားစုဝန်းကျင်အပေါ် အထင်ကြီးစိတ်သည်လည်း တစ်စထက်တစ်စ လျော့ပါးလာခဲ့ချေပြီ။ မိသားစုဝန်းကျင်အစား မိမိ၏ စံပြုအတုခိုးရမည့်ဝန်းကျင်လို မိမိတို့ ဆယ်ကျော်သက်ချင်း၊ အထူးသဖြင့် မိမိထက်အသက်၊ အသိ(မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ) အနည်းငယ်ပိုသူအပေါ် အထင်ကြီး အတုခိုးကြပြန်ပါသည်။

ဤနေရာတွင်လည်း ကောင်းသောစရိုက်လက္ခဏာ၊ ကောင်းရာကောင်းမှုအစုစုတို့ကို အတုခိုးမှန်ခဲ့ကြ၍ ကောင်းကျိုးအထွေထွေ ရရှိခံစားရသည်များကို မဆွေးနွေးလိုပါ။ များပြားလှစွာသော အတုခိုးမှားများထဲမှ ဘဝနှင့်ရင်း၍ လဲရမည်ဖြစ်သော အဓိကအတုခိုးမှားကိုသာ ကန့်သတ်စည်းရိုးချလိုခြင်းဖြစ်ပါသည်။ ယင်းသည်ကား အခြားမဟုတ်၊ 'မူးယစ်ဆေးဝါးသုံးစွဲခြင်း' ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးဟုဆိုရာ၌ ဘိန်း၊ ဘိန်းဖြူ၊ လော်စာ၊ အရက်၊ တဆေး၊ ဆေးခြောက်၊ ကိုကင်းစသည်တို့သည်ကား ဆိုးပြစ်များထင်ရှား၍ ရှောင်ရှားနိုင်ကြပါသော်လည်း မိတ်ဆွေယောင်ဆောင်၍ ဝင်လာတတ်သော အဓိကရန်သူဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးကိုမူ အထူးဂရုပြုရန် လိုအပ်ပေသည်။ လွန်ခဲ့သော အနှစ်လေးဆယ်ကျော်က နံပါတ်ဖိုးဘိန်းဖြူကိုသာ မူးယစ်ဆေးဝါးအဓိကပစ်မှတ်ဟု သတ်မှတ်ချိန်တွင် စိတ်ကြွရူးသွပ်ဆေးဖြစ်သော Dexidring သည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကြားတွင် စာကျက်နိုင်အောင်၊ မအိပ်ချင်အောင်လုပ်ပေးသောဆေး၊ ပိန်ဆေးအဖြစ် မိန့်မိန့်ကြီးဝင်ထိုင် နေရာယူခဲ့ဖူးသည်။ သူ၏ဇာတိသရုပ်မှန်ကို သိလာသည်တွင်မှ ဗွတ်အတင်း တိုက်ဖျက်ကြရသည်။ ထို့ကြောင့် ဆယ်ကျော်သက်များ မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်ရေးအတွက် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်ရေး ဒုတိယစည်းကို ချမှတ်ကန့်သတ်ရမည့်သူများမှာ ဆယ်ကျော်သက်များကိုယ်တိုင်နှင့် လူကြီးမိဘ၊ ဆရာသမားနှင့် တာဝန်ရှိ လူကြီးမင်းများပင် ဖြစ်သည်။

လူငယ်လူရွယ်ဘဝ၏ အရေးအကြီးဆုံးနှင့် ပဓာနအကျဆုံးအရွယ်သည်ကား အသက်နှစ်ဆယ်မှ နှစ်ဆယ့်လေးနှစ်အကြားရှိ အရွယ်ရောက်ပြီး လူငယ်အရွယ်ပင် ဖြစ်သည်။ ပဋိသန္ဓေစိတ်မှစ၍ အတုခိုးသန်ခဲ့သည်မှာ ဤအသက်အရွယ်အပိုင်းအခြားသို့ ရောက်သောအခါ အထွတ်အထိပ် ရောက်ခဲ့ပေပြီ။ သို့သော် ထိုအရွယ်များ၏ အတုယူမှုကား ယခင်ရှေးအခါကများကဲ့သို့ မိသားစုလည်းမဟုတ်၊ အပေါင်းအသင်းလည်း မဟုတ်တော့ချေ။ မိမိ၏လေ့လာနိုင်စွမ်းအားကို အခြေခံထားကာ ကမ္ဘာကို ရှုကြည့် ကြည့်မြင် အတုခိုးကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စာအုပ်စာပေ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်တို့မှတစ်ဆင့် အတုယူကြခြင်းဖြစ်သည်။ ဤနေရာ၌ လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်မှ ယနေ့တိုင် နာမည်ကျော်ကြား လူကြိုက်များရုံမျှမက လွန်စွာသော မှန်ကန်လှသော နိုင်ငံကျော်အဆိုတော် ဦးအံ့ကြီး၏ 'လူချွန်လူကောင်း' သီချင်းအတိုင်း 'ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်' ကြပါမူ အဟောဝတ ကောင်းလွန်းလှပေစွ။ သို့သော် ဤသို့မဟုတ်မူဘဲ တလွဲဆံပင်ကောင်းမိပါက တတိယနှင့် အကြီးမားဆုံးသောအန္တရာယ်ဖြစ်သည့် အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားသော အေအိုင်ဒီအက်စ်ခေါ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၏သားကောင်အဖြစ် ပန်းကောင်းအညွန့်ချိုးကိုယ်ကျိုးနည်းကြပေတော့မည်။

သို့ဖြစ်ပေရာ အေအိုင်ဒီအက်စ်ရောဂါကင်းစင် ဝန်းကျင်ဖြစ်ရေးအတွက် တတိယစည်းရိုးကို ချမှတ်ကန့်သတ်ရမည့်သူများမှာကား ရှေးယခင်စည်းရိုးနှစ်ခု ချစဉ်ကကဲ့သို့ လူကြီးမိဘ၊ ဆရာသမားနှင့် တာဝန်ရှိသူများကိုသာ အလုံးစုံ ပုံချ၍ မရတော့ပေ။ ကာယကံရှင် အရွယ်ရောက်ပြီး လူငယ်များကိုယ်တိုင်က ဦးစီးဦးဆောင်ကာ 'ဉစ္စာရှင်လို ဉစ္စာရှင်ခဲ' ကြရပေတော့မည်။ အေအိုင်ဒီအက်စ်ရောဂါဖြစ်စေမည့် အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုး ကူးစက်နိုင်မည့် နည်းလမ်းများ၊ မကူးစက်နိုင်သောနည်းလမ်းများကို မိမိတို့ကိုယ်တိုင် နောကျေအောင် သိရှိလိုက်နာ ကျင့်သုံးကြရုံမျှမက မိမိတို့ ညီငယ်ညီမငယ်အရွယ်၊ လူငယ် လူရွယ်အားလုံး ဤရောဂါဆိုး၏ လောင်းရိပ်မမိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိစိတ်ဓာတ် အပြည့်အဝဖြင့် ဆောင်ရွက်ကြရပေမည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် **'ဆေးလိပ်ဆေးရွက်၊ မူးယစ်၊ အေအိုင်ဒီအက်စ်၊ ဒို့တိုက်ဖျက်'** ဟူသောဆောင်ပုဒ်နှင့်အညီ အထက်ဖော်ပြပါ စည်းသုံးတန်ကို တာဝန်ရှိသူများ၊ မိဘ၊ ဆရာသမား၊ လူကြီးသူမများ၏ မှန်ကန်သော ဦးဆောင်မှုကိုခံယူ၍ ကာယကံရှင် လူငယ်လူရွယ်အားလုံးက လုံခြုံစွာ အလစ်အလပ် အလေအလွင့်မရှိအောင်၊ ခိုင်မာအောင် ထာဝရ စွမ်းဆောင်ချထားနိုင်မှသာ **'ဆေးလိပ်ဆေးရွက်အစ၊ မူးယစ်အလယ်၊ အေအိုင်ဒီအက်စ်ဝယ် အဆုံး ဘဝနိဂုံး'** မဖြစ်ကြတော့ဘဲ ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်သော မြန်မာလူငယ် လူချွန်လူကောင်းများဘဝကို ထိုက်ထိုက်တန်တန် ရရှိမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဆေးလိပ်ဆေးရွက်ဖြတ် ကင်းစင်အပ် ပထမစည်းရိုးခတ်၊
မူးယစ်မှန်လတ် ကင်းစင်အပ် ဒုတိယစည်းရိုးခတ်၊
အိတ်ချ်အိုင်ဗွီရပ် ကင်းစင်အပ် တတိယစည်းရိုးခတ်၊
စည်းရိုးသုံးတန် လုံရိုးမှန် ဧကန်လူငယ်ဘဝမြတ်။ ။

အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုး ကူးစက်နိုင်မည့် နည်းလမ်းများ၊ မကူးစက်နိုင်သော နည်းလမ်းများကို မိမိတို့ ကိုယ်တိုင် နောကျေအောင် သိရှိလိုက်နာ ကျင့်သုံးကြရုံမျှမက မိမိတို့ ညီငယ် ညီမငယ်အရွယ်၊ လူငယ်လူရွယ် အားလုံး ဤရောဂါဆိုး၏ လောင်းရိပ်မမိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိစိတ်ဓာတ် အပြည့် အဝဖြင့် ဆောင်ရွက်။

မြို့သာယာလှပရေး

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော မြို့လယ်လမ်းလယ်ကျွန်း ပန်းခုံများ၊ ပလက်ဖောင်းများ ဆေးသုတ်နေမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်မည်

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ရာ အသက် ၇၅နှစ်နှင့်အထက် သက်ကြီးစာရင်းနှင့် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများသည် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဖုန်း-၅၇၃၀၇၄၊ ၅၇၈၆၃၈နှင့် ၂၅၃၂၂၃တို့သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

(၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

(၁၉၄၇-၁၉၆၅)ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော စိန့်မေရီဒိုင်အိုစီစင်(အမျိုးသမီး)အထက်တန်းကျောင်းသူဟောင်းများ၏ (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဗိုလ်ချုပ်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Holitrinity ဘုရားရှိခိုးကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အထက(၃) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

အထက(၃) ဗိုလ်တထောင်၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း သစ္စာခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်များသို့ စာအုပ်ဖြန့်ချီ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတိုပေါင်းချုပ်ပထမဆု)ရ မောင်ခြိမ့်၏ တံငါအသည်းမာရဲ့သလားဟေ့နှင့် အခြားဝတ္ထုတိုများ စာအုပ်ကို စာအုပ်အသင်းဝင်များသို့ ဖြန့်ချိပေးလျက်ရှိရာ ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက် ထုတ်ယူနိုင်ပြီး အသင်းဝင်လိုက ဖုန်း-၂၄၉၀၃၁သို့ ဆက်သွယ်နိုင်သည်။

ညှိနှိုင်းဖျန်ဖြေရေး သင်တန်းတက်ရောက်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ ခုံသမာဓိနှင့် ညှိနှိုင်းဖျန်ဖြေရေး လုပ်ထုံးလုပ်နည်းသင်တန်းကို ဒီဇင်ဘာ ၂၇ရက်မှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်အထိ အပတ်စဉ် စနေနေ့တိုင်း နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် UMFCCI Office Tower၌ သင်ကြားမည်ဖြစ်ရာ သင်တန်းတက်လိုပါက ဖုန်း-၂၁၄၃၄၄မှ ၂၁၄၃၄၉အထိ ဆက်သွယ်စုံစမ်းနိုင်သည်။

ဒဂုံရွှေအောင်လံ(၂၀၁၀) ရိုးရာလက်ဝှေ့ပွဲနွှဲကြမည်

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဒဂုံရွှေအောင်လံ(၂၀၁၀) မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံလုပွဲကို ဒီဇင်ဘာ ၁၂ရက်နှင့် ၁၃ရက်တို့တွင် ညနေ ၃နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ အလွတ်တန်းတွင် အကြိုဗိုလ်လုပွဲ၌ လုံးချောနှင့်ရွှေဆိုင်း၊ စောငမန်းနှင့်ကြယ်လင်းအောင်၊ ပထမတန်းတွင် အကြိုဗိုလ်လုပွဲ၌ တွေ့မရှောင်နှင့်ဇော်ဖိုးကော၊ ထွန်းထွန်းနှင့်စျာန်ထူးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နေပြည်တော်တပ်ကုန်း၌ စာပေဟောပြောပွဲ ကျင်းပမည်

နေပြည်တော်တပ်ကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၈ရက် ည ၇နာရီတွင် နေပြည်တော်တပ်ကုန်း ဗုဒ္ဓသာသနာပြုဗိမာန်၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာ မြင်းမူမောင်နိုင်မိုး၊ ဂျက်(ကွမ်းခြံကုန်း)နှင့် စာရေးဆရာမ ကြူကြူသင်းတို့က ဟောပြောကြမည်ဖြစ်သည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ လျှပ်စစ်စနစ်နှင့် ပတ်သက်၍ ဟောပြောကျင်းပမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် နေအိမ်တစ်ခု၏ လျှပ်စစ်စနစ်ခေါင်းစဉ်ဖြင့် ဦးဖေသိန်း (Electrical and Electronics)က ဒီဇင်ဘာ ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း တက်ရောက်နိုင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ-၃(မရမ်းကုန်း)တွင် အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို လူငယ်များ အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းနိုင်ရေးအတွက် ဝါရင့်ဆရာများဖြင့် စာတွေ့၊ လက်တွေ့သင်တန်းကို ဒီဇင်ဘာ ၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၆၆၀၈၅၁သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဟောပြောပွဲ

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ပါမောက္ခ ဒေါက်တာဆန်းထွန်း (ဒဿနိကဗေဒဌာန-ဒဂုံတက္ကသိုလ်)က ''စဉ်းစားခြင်းနှင့် နေထိုင်ခြင်း'' ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဒီဇင်ဘာ ၃ရက် ညနေ၄နာရီတွင် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်

မြန်မာ ယူ -၂၃ လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ လာအိုနိုင်ငံသို့ထွက်ခွာ

မြန်မာ ယူ-၂၃ အမျိုးသားအသင်းအား ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂

လာအိုနိုင်ငံတွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ ယူ-၂၃ လက်ရွေးစင်အမျိုးသားအသင်းနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတို့သည် ယမန်နေ့ ညနေ ၅နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

လိုက်ပါသွား

မြန်မာ ယူ-၂၃ အမျိုးသားအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်၊ နည်းပြချုပ်အဖြစ် ဒရာဂိုမာမစ်၊ လက်ထောက်နည်းပြများအဖြစ် ဦးတင်မြင့်အောင်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ဆရာဝန် ဒေါက်တာကျော်မင်း၊ သူနာပြုဦးထွန်းဇော်၊ ကစားသမားများအဖြစ် ကျော်ဇင်ထက်၊ သီဟစည်သူ၊ ခင်မောင်လွင်၊ ဟန်ဝင်းအောင်၊ အေးဆန်း၊ မိုးဝင်း၊ ဇော်ထက်အောင်၊ လင်းလင်းထွေး၊ ရာဇာဝင်းသိန်း၊ ထွန်းထွန်းဝင်း၊ အောင်မြင့်အေး၊ ပိုင်စိုး၊ ကျော်သီဟ၊ ဝင်းမင်းထွန်း၊ ရွှေလှိုင်ဝင်း၊ မင်းမင်းသူ၊ စိုးမင်းဦး၊ စိုင်းအိုက်နိုင်၊ ခိုင်ဇော်ထွန်း၊ ကျော်ဘိုဘိုတို့ လိုက်ပါသွားကြသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးအုန်းကြိုင်နှင့် ဦးမျိုးချစ်၊ ဆရာဝန် ဒေါက်တာမွန်မွန်၊ သူနာပြု ဒေါ်နန်းကျိမ်တွမ်၊ ကစားသမား မေခင်ယမင်း၊ သင်းသင်းစိုး၊ မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ သီတာဦး၊ နေဇာလင်းလင်းအောင်၊ သီရိမြတ်၊ စုစုဝေ၊ မိုးမိုးဝါ၊ သန္တာမိုး၊ သူဇာထွေး၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ ခင်မိုးဝေ၊ စန်းယုနိုင်၊ ခင်မာလာထွန်း၊ မိုင်နီလာထွေး၊ မာဂရက်မေရီနှင့် နော်အားလိုဝါးဖောတို့ ပါဝင်ကြသည်။ အမျိုးသား ယူ-၂၃အသင်းတွင် အဖွဲ့ဝင် ၂၇ဦး၊ အမျိုးသမီးအသင်းတွင် အဖွဲ့ဝင် ၂၆ဦး၊ ပြိုင်ပွဲလေ့လာသူ ၂၈ဦး၊ ဒိုင်လူကြီး လေးဦး စုစုပေါင်း ၈၅ဦးတို့ လိုက်ပါသွားကြသည်။

ပြိုင်ပွဲဝင် အသင်းများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ပြီး အောင်မြင်မှုရရှိရေး ကြိုးပမ်းသွားရန်မှာကြားခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက အုပ်စုပွဲစဉ်များတွင် ပွဲစဉ်အားလုံးအတွက် တစ်ပွဲအနိုင် နည်းပြချုပ်နှင့် ကစားသမားများအား အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်ထားမှု၊ လေ့ကျင့်ပြင်ဆင်မှုအခြေအနေ၊ ပြိုင်ဘက်အနေအထားတို့ကို ရှင်းလင်းပြောကြားခဲ့ကြသည်။ မြန်မာယူ-၂၃ အသင်း နည်းပြချုပ် ဒရာဂိုမာမစ်က လေ့ကျင့်ပြင်ဆင်ချိန် သုံးပတ်သာရရှိပါကြောင်း၊ ရရှိလျှင် အမေရိကန်ဒေါ်လာ တစ်သောင်း၊ အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိလျှင် အမေရိကန် ဒေါ်လာ နှစ်သောင်း၊ အနိုင်ရဗိုလ်စွဲပါက ကျပ်သိန်း ၃၀၀၀ ချီးမြှင့်မည့် ဂုဏ်ပြုဆုငွေများ၊ ဆီးဂိမ်းစ်ပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာ ဆက်စပ်မှုရှိနေပြီး ဗိုလ်လုပွဲသို့တက်ရောက်ပြီး အောင်မြင်မှုရရှိပါက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ပိုမိုစိတ်ဝင်စားလာနိုင်ပြီး အုပ်စုအဆင့်မှထွက်ခဲ့ရပါက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို အားပေးမှုလျော့ကျသွားနိုင်မှု၊ မြန်မာအသင်းမှာ အနီကတ်များ မထိအောင် ဂရုပြုယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဥပဒေပြင်ပမှ မကစားရန်နှင့် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များကို လိုက်နာကြရန် မှာကြားမှုများကို ဥက္ကဋ္ဌဦးဇော်ဇော်က မြန်မာ ယူ -၂၃ ကစားသမားများအား ထပ်ဆင့်မှာကြားခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

စာနယ်ဇင်းတွေ့ဆုံ

ရန်ကုန်မြို့မှ မထွက်ခွာမီ ပြိုင်ပွဲဝင်အသင်းများနှင့် စာနယ်ဇင်း တွေ့ဆုံပွဲကို ကျင်းပခဲ့ပြီး မြန်မာယူ-၂၃ အမျိုးသားအသင်းနှင့် အမျိုးသမီးလက်ရွေးစင်အသင်း သည့်အချိန်ကာလအတွင်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားကြောင်း၊ ပွဲဦးထွက်ကစားရမည့် လာအိုအသင်းမှာ အိမ်ရှင်အသင်းဖြစ်သလို ပရိသတ်အားရှိ၍ သတိထားကစားရမည်ဖြစ်ကြောင်း၊ အုပ်စုတက်နိုင်အောင်ကြိုးပမ်းပြီး အောင်မြင်မှုရရှိအောင် ကစားသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အခက်ပြိုင်ဘက်

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ဦးအေးကြူကြီးက **"အသင်းပြင်ဆင်မှုပိုင်းကို ကျေနပ်ပါကြောင်း၊ ထိုင်းအသင်းထက်ပိုကောင်းသည့် မြောက်ကိုရီးယားလူငယ်အသင်းနှင့် ခြေစမ်းကစားခွင့်ရထား၍ အကျိုးရှိပါကြောင်း၊ ထိုင်းနှင့် ဗီယက်နမ်မှာ အခက်ပြိုင်ဘက်များဖြစ်ပြီး အောင်မြင်မှုရရှိအောင် ကစားသွားမည်ဖြစ်ကြောင်း"**ဖြင့် ပြောကြားခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းတွင် ကမ္ဘောဇအသင်းမှ ရှစ်ဦးဖြင့် အများဆုံးပါဝင်နေပြီး မကွေးမှ လေးဦး၊ ဒဲလ်တာ၊ ရတနာပုံ၊ ဇေယျာရွှေမြေတို့မှ နှစ်ဦးစီ၊ ရန်ကုန်၊ ဥဿာတို့မှ တစ်ဦးစီ ပါဝင်သည်။ ။ **(မြန်မာ့အလင်း)**

အမျိုးသား ယူ-၂၃ပြိုင်ပွဲ ပွဲစဉ်

အုပ်စု(က)	အုပ်စု(ခ)
ထိုင်း	လာအို
ဗီယက်နမ်	မြန်မာ
မလေးရှား	စင်ကာပူ
တီမော	အင်ဒိုနီးရှား
ကမ္ဘောဒီးယား	

၂-၁၂-၂၀၀၉	မလေးရှား	-	တီမော
	ထိုင်း	-	ဗီယက်နမ်
၄-၁၂-၂၀၀၉	ထိုင်း	-	ကမ္ဘောဒီးယား
	ဗီယက်နမ်	-	တီမော
၅-၁၂-၂၀၀၉	စင်ကာပူ	-	အင်ဒိုနီးရှား
	လာအို	-	မြန်မာ
၆-၁၂-၂၀၀၉	ဗီယက်နမ်	-	မလေးရှား
	တီမော	-	ကမ္ဘောဒီးယား
၇-၁၂-၂၀၀၉	မြန်မာ	-	စင်ကာပူ
	အင်ဒိုနီးရှား	-	လာအို
၈-၁၂-၂၀၀၉	တီမော	-	ထိုင်း
	ကမ္ဘောဒီးယား	-	မလေးရှား
၁၀-၁၂-၂၀၀၉	မြန်မာ	-	အင်ဒိုနီးရှား
	လာအို	-	စင်ကာပူ
၁၁-၁၂-၂၀၀၉	ကမ္ဘောဒီးယား	-	ဗီယက်နမ်
	မလေးရှား	-	ထိုင်း
၁၄-၁၂-၂၀၀၉	အကြိုဗိုလ်လုပွဲ		
၁၇-၁၂-၂၀၀၉	တတိယလုပွဲ၊ ဗိုလ်လုပွဲ		

အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များ

မလေးရှား
ထိုင်း
မြန်မာ
ဗီယက်နမ်
လာအို

၄-၁၂-၂၀၀၉	မလေးရှား	-	ထိုင်း
	လာအို	-	မြန်မာ
၆-၁၂-၂၀၀၉	ထိုင်း	-	မြန်မာ
	မလေးရှား	-	ဗီယက်နမ်
၈-၁၂-၂၀၀၉	မြန်မာ	-	ဗီယက်နမ်
	ထိုင်း	-	လာအို
၁၁-၁၂-၂၀၀၉	လာအို	-	မလေးရှား
	ဗီယက်နမ်	-	ထိုင်း
၁၃-၁၂-၂၀၀၉	ဗီယက်နမ်	-	လာအို
	မြန်မာ	-	မလေးရှား
၁၆-၁၂-၂၀၀၉	ဗိုလ်လုပွဲ		

အားကစားသတင်းမှတ်စု

၂၀၀၉ မယ်မြန်မာ နော်ဆိုဖီယာနှင့်တွေ့ဆုံခြင်း

ရေးသူ - ကျော်ကျော် (စက်မှုတက္ကသိုလ်)၊ စာမျက်နှာဖွဲ့စည်းမှု - လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MDG Co.,Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မောင်မြန်မာ၊ မယ်မြန်မာ ၂၀၀၉ ပြိုင်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ ကျင်းပခဲ့သည်။

မောင်မြန်မာပြိုင်ပွဲတွင် အငယ်တန်းနှင့် အကြီးတန်း ခွဲခြားထားပြီး မယ်မြန်မာပြိုင်ပွဲကိုမူ အလွတ်တန်းတစ်ခုတည်းသာထားရှိသည်။ မောင်မြန်မာအငယ်တန်းနှင့်အကြီးတန်းပြိုင်ပွဲများကို ဦးစွာ အဆင့်ဆင့်ယှဉ်ပြိုင်စေပြီး နောက်ဆုံးဆန်ခါတင် ကျန်ရစ်သူများအား သတ်မှတ်ကိုယ်ဟန်ပြကွက်များ၊ နောက်ခံတေးဂီတဖြင့် စည်းချက်ကျကျ ကာယအလှ ထုတ်လှစ်ပြသစေသည့် စိတ်ကြိုက်ကိုယ်ဟန်ပြကွက်များဖြင့် ယှဉ်ပြိုင်စေခဲ့ရာ ကာယမောင်များ၏ စင်မြင့်ထက်မှ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲ၍ ခွန်အားရှိသမျှကို အစွမ်းကုန်ထုတ်ပြ ယှဉ်ပြိုင်မှုများမှာ လာရောက်ကြည့်ရှုသူ လူငယ်လူရွယ်များ စိတ်အားတက်ကြွဖွယ်၊ အတုယူဖွယ်ပင်ကောင်းလှသည်။

ပါဝင်ယှဉ်ပြိုင်

ဆက်လက်၍ မယ်မြန်မာ နောက်ဆုံးအဆင့်ပြိုင်ပွဲဝင် ၁၃ဦး၏ သတ်မှတ်ကိုယ်ဟန်ပြ ပုံစံလေးမျိုးဖြစ်သည့် ရှေ့ဘက်ကိုယ်ဟန်ပြ၊ ဝဲဘက် ဘေးတိုက်နှင့် ယာဘက် ဘေးတိုက်ကိုယ်ဟန်ပြနှင့် နောက်ဘက်ကိုယ်ဟန်ပြများအပြင်၊ စိတ်ကြိုက်ကိုယ်ဟန်ပြ သုံးမျိုးတို့ဖြင့်ပါ ယှဉ်ပြိုင်ကြရသည်။ နှစ်ဆယ်ကျော်အစိတ်ပိုင်းရောက် အလှမယ်များ၏ ပျိုမျစ်နုနယ် ချစ်စဖွယ်ဟန်ပန်နှင့် ဆင်မယဉ်သာ လျှောက်လှမ်းလာပုံတို့မှာ ကာယအလှမယ်ပြိုင်ပွဲတိုင်း ဖွင့်လှစ်နေကျ 'ယဉ်တစ်ကိုယ်မယ်' တေးသီချင်းအတိုင်း လာရောက်ကြည့်ရှုရသူပရိသတ်အတွက် ရင်ကိုအေးမြစေရာ၊ ကာယအလှနှင့် အားကစားကို စိတ်ဝင်စားစေရာ၊ အတုယူအားကျချင်စရာပင်····။

အလှပေါ်အယဉ်ဆင့် စင်မြင့်ထက်က ၂၀၀၉ မယ်မြန်မာ နော်ဆိုဖီယာ။ (မြန်မာ့အလင်း)

မေးမြန်းယှဉ်ပြိုင်

မယ်မြန်မာပြိုင်ပွဲတွင် သတ်မှတ်ဝတ်စုံနှင့် စိတ်ကြိုက်ဝတ်စုံတို့ဖြင့် ယှဉ်ပြိုင်ခဲ့ရပြီး နောက်ဆုံးတွင် ကာယစွမ်းရည်အပြင် ဉာဏစွမ်းရည်ကောင်းမှု ရှိမရှိပါ သိရှိနိုင်ရန်အပြင် နှုတ်အမူအရာအသံကြည်လင်ပြတ်သားကောင်းမွန်မှု ရှိမရှိပါ သိရှိနိုင်ရန် ဉာဏ်စမ်းမေးခွန်းများကို မေးမြန်းယှဉ်ပြိုင်စေခဲ့ရာ လာရောက်အားပေးကြသည့် ပရိသတ်များအတွက် အမြင်လည်းလှ ပညာလည်းရကာ ဗဟုသုတများပင် တိုးပွားစေခဲ့သည်။

ဆက်လက်၍ ပန်းဧကရီအလှမယ်ကလေးများက ပရိသတ်များကို ဖက်ရှင်ဝတ်စုံဆန်းများဖြင့် သရုပ်ပြသကြပြီးနောက် အဆိုတော်များ၏ တေးဂီတအစီအစဉ်နှင့် တေးသရုပ်ဖော် အစီအစဉ်များကိုပါ ဖျော်ဖြေခဲ့သည်။ ထို့နောက် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲအတွက် ဆုရွေးချယ်မှုအစီအစဉ်ကို ကျင်းပခဲ့သည်။

မောင်မြန်မာ

မောင်မြန်မာ(အငယ်တန်း)အတွက် ပထမ၊ ဒုတိယ၊ တတိယဆုများကို အောင်ချမ်းလင်း၊ မောင်ကျော်နှင့် မောင်မောင်ကြည်တို့က ရရှိသည်။ မောင်မြန်မာ(အကြီးတန်း) ပထမ၊ ဒုတိယနှင့် တတိယဆုများကိုမူ ခိုင်လင်း၊ အောင်ခိုင်ဝင်းနှင့် အောင်ဆွေနိုင်တို့က ရရှိသွားကြသည်။ ၁၉၉၅ နှင့် ၁၉၉၇ခုနှစ်များ၏ မောင်မြန်မာဆုရခဲ့ဖူးသည့် မောင်မြန်မာ ခိုင်လင်းကပင် ယခုနှစ်အတွက် မောင်မြန်မာပြိုင်ပွဲ၌ ထပ်မံ ဗိုလ်စွဲသွားခြင်းဖြစ်သည်။ ၂၀၀၉ မယ်မြန်မာပြိုင်ပွဲ ဆုရရှိသူများကို ကြေညာရာ မယ်မြန်မာ ပထမဆုကို ပန်းဆီရောင်ဝတ်စုံနှင့် ရဲရင့်စွာလှပနေသော နော်ဆိုဖီယာကလည်းကောင်း၊ ဒုတိယဆုကို ဝတ်ရည်ဖြိုး၊ တတိယဆုကို ငုဝါခိုင်၊ စတုတ္ထဆုကို နှင်းပေရယ်ကလည်းကောင်း၊ ပဉ္စမဆုကို ခက်သက်မွန်ဝင်း၊ ဆဋ္ဌမဆုကို ဟေမာစိုးဝင်း၊ သတ္တမဆုကို ခင်အိအိခိုင်၊ အဋ္ဌမဆုကို ထက်ဆုရည်၊ နဝမဆုကို M-ခေါင်ဂျာနှင့် ဒသမဆုကို ဝင်းလှဲ့ဖွေးတို့ကလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

မယ်မြန်မာ

မယ်မြန်မာ ပထမဆုရရှိသွားသည့် နော်ဆိုဖီယာအား သူမနေထိုင်လေ့ကျင့်ရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်တော်ဝင်ရိပ်သာလမ်း အမှတ် ၁၄၅/ကရို အင်ကြင်း ကိုယ်ကာယအလှသင်တန်းသို့ မကြာမီက စာရေးသူတို့သတင်းအဖွဲ့ သွားရောက်တွေ့ဆုံခဲ့ရာ မယ်မြန်မာနော်ဆိုဖီယာအပြင် နော်ဆိုဖီယာအား အနီးကပ်သင်ကြားပြသပေးခဲ့သည့် ပြည်ထောင်စုမယ် မဖြူဖြူခိုင်တို့ကပါ လှိုက်လှဲဝမ်းသာ ကြိုဆိုနေရာပေးကြသည်။

ပန်းဧကရီ

ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် ပွဲတော်၏ ပန်းဧကရီ အလှမယ်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီးနောက် တစ်ဆက်တည်းဆိုသကဲ့သို့ ဖေဖော်ဝါရီ ၇ရက်က ကျင်းပသည့် ၂၀၀၉ခုနှစ် မယ်မြန်မာပြိုင်ပွဲတွင် ပထမဆု ထပ်မံဆွတ်ခူးရရှိသွားခဲ့သည့် တတိယဆုရ ပန်းဧကရီအလှမယ်နှင့် ၂၀၀၉ မယ်မြန်မာ နော်ဆိုဖီယာအား ၂၀၀၉ခုနှစ် မယ်မြန်မာပြိုင်ပွဲဝင်ဖြစ်ပုံကို ဦးစွာမေးမြန်းခဲ့ရာတွင် "ညီမက ဧရာဝတီတိုင်း ကျိုက်လတ်မြို့ဇာတိပါ။ မယ်ပြိုင်ပွဲတွေကို မြို့နယ်၊ တိုင်းအဆင့်ဆင့် ဝင်ပြိုင်ရင်း အမြင့်ဆုံး ပြိုင်ပွဲဖြစ်တဲ့ မယ်မြန်မာပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ မယ်မြန်မာ ပြိုင်ပွဲမှာ ဆုကြီးရအောင် အဓိကသင်ပြပေးခဲ့တဲ့ ဆရာမကတော့ ပြည်ထောင်စုမယ် ဖြူဖြူခိုင်ပါ"ဟု ပြောပြသည်။

နိုင်ငံ့ဂုဏ်ဆောင်

ဆက်လက်၍ "ညီမရခဲ့တဲ့ ဆုကြီးတွေကတော့ ဧရာဝတီတိုင်းမယ် ၂၀၀၇ခုနှစ်နှင့် ဧရာဝတီတိုင်းမယ် ၂၀၀၈၊ ပြည်နယ်နှင့်တိုင်း ကာယအလှမယ် ၂၀၀၈၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မယ် ၂၀၀၈၊ ပန်းဧကရီအလှမယ် တတိယဆု ၂၀၀၉ နဲ့ အခုရတဲ့ ၂၀၀၉ခုနှစ် မယ်မြန်မာဆုကြီးတွေပါ" ဟု သွက်လက်စွာ ဖြေကြားသည့်အပြင် ဆုရရှိသည့်အတွက် ခံစားမှုကို မေးမြန်းရာ "မယ်ပြိုင်ပွဲတွေထဲမှာ အမြင့်ဆုံးဆုဖြစ်တဲ့ မယ်မြန်မာဆုကြီးကို လက်ခံရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ နောင်လည်း ပြိုင်ပွဲတွေ ဆက်လက်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်တဲ့ အလှမယ်တစ်ဦးဖြစ်အောင် ကြိုးစားသွားမှာပါ" ဟု ဝမ်းမြောက်ဂုဏ်ယူစွာ ပြောပြသည်။

အသက် ၂၄နှစ်ရှိ

မယ်မြန်မာဆိုဖီယာ၏ အရပ်အမြင့်နှင့် ခန္ဓာကိုယ်အတိုင်းအထွာများကို မေးမြန်းရာ အရပ် ငါးပေ လေးလက်မခွဲနဲ့ ရင် ၃၅၊ ခါး ၂၄၊ တင် ၃၇လက်မရှိကြောင်း သိရသည်။ သူမ၏ ပညာအရည်အချင်းနှင့် ဝါသနာကို မေးမြန်းရာ "ညီမက B.Sc (Maths)နဲ့ ဘွဲ့ရပြီးပါပြီ။ ဝါသနာကတော့ အားကစားလေ့ကျင့်တာနဲ့ စာဖတ်တာတွေပါပဲ။ အခု အင်္ဂလိပ်စာနဲ့ ကွန်ပျူတာသင်တန်းတွေ တက်နေပါတယ်"ဟု ဖြေကြားသည်။

ဆိုဖီယာ၏ တစ်နေ့တာ ဆောင်ရွက်မှုများကို မေးမြန်းရာ "တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်မှုရှိစေဖို့ နံနက်တိုင်း ကာယလေ့ကျင့်ခန်းအမြဲလုပ်ပြီးမှ တစ်နေ့တာလုပ်စရာရှိတာတွေ လုပ်ပါတယ်"ဟု ဖြေဆိုသည်။ ကျန်းမာရေးလိုက်စားစေဖို့ လူငယ်များအပေါ် အကြံပြုချက်ကို မေးမြန်းရာတွင်မူ "လူငယ်တွေအနေနဲ့ ကျန်းမာရေးအတွက် အားကစားကို လိုက်စားတာ၊ ကာယလေ့ကျင့်ခန်းပြုလုပ်တာတွေဟာ ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံ့သားကောင်း၊ သမီးကောင်းတွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီအပြင် သက်လုံကောင်းပြီး ကျန်းမာဖွံ့ဖြိုး အလှတိုးစေနိုင်ပါတယ်။ လူငယ်တိုင်း မိမိတို့ရဲ့ တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်ရေးအပြင် အတ္တ၊ ပရနှစ်ဖြာသောအကျိုးထူးတွေ ရရှိနိုင်စေတဲ့ ကိုယ်လက်လှုပ်ရှားမှု အားကစားတစ်ခုခုကို အမြဲလေ့ကျင့် လိုက်စားသင့်တယ်လို့ အကြံပြုချင်ပါတယ်ရှင်"ဟု ပြောကြားသွားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ

လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ လိပ်ပြာပြတိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁ရက် နံနက်ပိုင်းက အဆိုပါပြတိုက်၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီး(အငြိမ်းစား) အထက်လွှတ်တော်အမတ် Mr. Ikuzo Sakurai၊ သံရုံးအတွင်းဝန် Mr.Yoshinori Yakahe ၊ လိပ်ပြာအလှူရှင်၏မိသားစုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထူးထရိတ်ဒင်းကုမ္ပဏီ ဥက္ကဋ္ဌက လိပ်ပြာပြတိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားမှူးက လိပ်ပြာရုပ်ကြွင်းများအလှူရှင် ဂျပန်နိုင်ငံသား Mr. Yukinobu Nose ၏ အမှာစကားကို ဖတ်ကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ထူးထရိတ်ဒင်းကုမ္ပဏီဥက္ကဋ္ဌနှင့် အလှူရှင်၏သမီး Ms.Asuka Nose တို့က လိပ်ပြာပြတိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် လိပ်ပြာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် လိပ်ပြာရုပ်ကြွင်းများ၊ ဓာတ်ပုံများ၊ လိပ်ပြာတောင်ပံပန်းချီများနှင့် လိပ်ပြာ လက်တွေ့စုဆောင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတကာအဆင့်မီ

အဆိုပါ လိပ်ပြာပြတိုက်တွင် ပြည်တွင်းပြည်ပရှိ ရှားပါးလိပ်ပြာကောင်ရေ သုံးသောင်းကျော်ကို ပုံးပေါင်း ၂၈၀ ဖြင့် နိုင်ငံတကာအဆင့်မီ ပြသထားသည်။

ယင်းနောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း အင်ကြင်းပြတိုက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်ဖွင့်ပွဲကို တက်ရောက်အားပေးကာ ပြတိုက်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြသထား

အင်ကြင်းပြတိုက်တွင် သဘာဝ အင်ကြင်း ရှေးဟောင်းရုပ်ကြွင်းများအပြင် သီးခြား အမျိုး ၂၀၀ ကျော်ကို နိုင်ငံခြား နည်းပညာဖြင့် အရောင်တင်ထားသည့် အင်ကြင်းကျောက် အရောင်အသွေးမျိုးစုံ၊ ထန်းပင် ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အင်ကြင်းကျောက် အရောင်တင်ပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်တွင် သတ္တဝါ ၁၅ မျိုးတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ၊ အရှည် ခုနစ်ပေရှိ ကျောက်ဖြစ် ဆင်စွယ်နှစ်စုံ၊ ဆင်၊ မိကျောင်း၊ လိပ်၊ ရေမြင်း၊ ကြံ့၊ ဝက်နှင့် နွားသတ္တဝါများ၏ ဦးခေါင်း၊ သွား၊ ချိုများနှင့် လိပ်၊ ကဏန်း၊ ရေအောက်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်းကောင်း ပြသထားသည်။

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ပွင့်လင်းရာသီ၌ အများပြည်သူများ ကောင်းမွန်စွာ အပန်းဖြေ လှေလှော်နိုင်စေရေးအတွက် ပြည်တွင်းဖြစ်ပန်းများဖြင့် အထူးမွမ်းမံ ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်းသို့ရောက်ရှိပြီး သစ်တောပြတိုက်အတွင်း ပြသထားသည်များကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်

INTERNATIONAL DAY OF PERSONS WITH DISABILITIES

3rd December 2009

"ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်ဝစေရေး

မသန်စွမ်းသူများကိုလည်း ပိုမိုဆောင်ရွက်ခွင့်ပေး"

"Making the MDGs Inclusive: Empowerment of persons

with disabilities and their communities around the world"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ အင်ကြင်းပြတိုက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂-၁၂-၂၀၀၉

လွိုင်လင်မြို့
၁ ဒီဂရီစင်တီဂရိတ်

ဟားခါးမြို့
၂ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့
၅ ဒီဂရီစင်တီဂရိတ်

မင်းတပ်မြို့
၆ ဒီဂရီစင်တီဂရိတ်

အထက ၁၄ (ဖားသားလဖုန်းကျောင်း) ကျောင်းသားများ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

မန္တလေးမြို့ အထက (၁၄) (ယခင်ဖားသားလဖုန်းကျောင်း) ကျောင်းသားများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၈ရက် (သောကြာနေ့)ညနေ ၄နာရီတွင် မန္တလေးမြို့ လမ်း ၃၀-၈၂×၈၃ လမ်းကြား ဖုကျင်ကွမ်ရင် ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၆၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံဆရာ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသားများသည် ရန်ကုန်မြို့ လူထုဦးစိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၂၀-၄၂၁၅၁၊ ၀၁-၂၂၄၇၂၈၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀-၇၇၉၂၉၊ ၀၁-၅၄၈၁၆၇၊ ဦးမျိုးညွန့် ဖုန်း-၀၉-၉၀-၅၆၂၀၅၊ ဦးချွန်စန်း ဖုန်း-၀၁-၃၈၆၈၉၁၊ မောရစ်တင်မောင်မောင် ဖုန်း-၀၉-၅၀-၁၇၀၂၅နှင့် မန္တလေးမြို့ ဦးချစ်ဆွေ ဖုန်း-၀၉-၂၀-၃၅၀၈၅၊ ဦးနေဝင်း ဖုန်း-၀၉-၂၀-၀၂၉၇၇၊ ၀၂-၃၉၃၉၆၊ ဦးလှမြင့် ဖုန်း-၀၂-၃၁၂၃၈၊ ဦးတော်မီ ဖုန်း-၀၉-၂၀-၂၀၆၄၀၊ ဦးဝင်းမြင့် ဖုန်း- ၀၉-၂၀-၀၅၂၉၅၊ ၀၂-၆၆၀၁၁၊ ဦးခင်မောင်သန်း ဖုန်း-၀၂-၆၀၉၈၅နှင့် ဦးဇော်ဝင်း ဖုန်း-၀၉-၆၉-၇၁၉၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁၂-၂၀၀၉
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး ၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၃၀ ၂။ နံနက်ခင်းသတင်း

၇:၄၀ ၃။ **မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)

၇:၄၅ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အကျိုးပြုအားမာန် ဆည်ရေလှောင်တမံ (ရှင်းရှည်)

၈:၀၅ ၆။ ကြေးမုံရိပ်သွင် တေးနယ်ဉ်

၈:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၂၅ ၈။ အကပဒေသာ

၈:၄၀ ၉။ International News

၈:၄၅ ၁၀။ အတီးပြိုင်ပွဲ

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၀ ၂။ အဆိုပြိုင်ပွဲ

၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၄:၃၅ ၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ

၄:၄၅ ၅။ တေးဂီတအစီအစဉ်

၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၅:၂၀ ၈။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တေးများ

၅:၃၅ ၉။ **အိမ်တွင်းပုန်းများ မကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)

၅:၄၀ ၁၀။ ရုပ်မြင်ရသ တေးစုကဏ္ဍ

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ

၆:၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ စျေးသည် (အပိုင်း-၂)** မိုးမိုး၊ သူရလင်း၊ ညီထက်၊ သဇင်၊ ယမင်းမြင့်သိန်း၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)

၆:၄၀ ၁၄။ ထူးဆန်းထွေလာများကိုသိပွဲဖြင့် ချဉ်းကပ်ခြင်း

၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၁၇)

၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၉)
၂၀။ အစီအစဉ်ပြီး၏။

တောင်ငူ အထက(၆)အာစရိယပူဇော်ပွဲ

တောင်ငူ ဒီဇင်ဘာ ၂

တောင်ငူမြို့ အထက(၆) ယခင်(ဘန်းဂါးကျောင်း) နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ပူဇော်ပွဲကျင်းပရေးကော်မတီမှ ကြီးမှူး၍ ဒီဇင်ဘာ ၂၄ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာပူဇော်ပွဲကို တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း- ၀၅၄-၂၄၅၁၀၊ ၂၅၄၃၀၊ ဦးလွင်အေး ဖုန်း- ၀၅၄-၂၅၂၄၄နှင့် ဦးကျော်အေး ဖုန်း-၀၅၄-၂၃၀၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၇)

ရခိုင်ပြည်နယ်၌ စာပေဟောပြောပွဲများ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အစီအစဉ်အရ ရခိုင်ပြည်နယ် စာပေဟောပြောပွဲအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (မြင်းမူမောင်နိုင်မိုး)၊ အဖွဲ့ဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)နှင့်အဖွဲ့၊ အတွင်းရေးမှူးဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)တို့သည် နိုဝင်ဘာ ၁၅ရက် ည၇နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ် ဓမ္မာရုံ၌ စာပေဟောပြောပွဲကို စတင်ခဲ့ရာ စာချစ်သူပရိသတ် ၂၀၀၀ခန့် တက်ရောက်အားပေးကြသည်။

လှူဒါန်း

ဟောပြောပွဲတွင် ဆရာမြင်းမူမောင်နိုင်မိုးက "ဘဝထဲကကဗျာ၊ ကဗျာထဲက ဘဝ"၊ ဆရာမကြူကြူသင်းက "ဘဝထဲကစာ စာထဲကဘဝ"နှင့် ဆရာမောင်စိုးထိုက် (သုံးဆယ်) က "စကားလက်ဆောင် စာလက်ဆောင်"ခေါင်းစဉ်တို့ဖြင့်ဟောပြောကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် ဇနီးတို့က သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေကျပ် ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းသည်။

အလားတူ နိုဝင်ဘာ ၁၆ရက် ညနေ၆ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ စာပေဟောပြောပွဲကျင်းပခဲ့ပြီး သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၁၆၀၀၀၀၊ သတင်းစာ ကိုယ်စားလှယ်ဦးသိန်းမောင်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၊ စာရေးဆရာ ကျွန်းသားမင်းက အလှူငွေကျပ် ၁၀၀၀၀၊ စာရေးဆရာ ဓညဝတီကျော်ဝင်းက အလှူငွေကျပ် ၁၀၀၀၀၊ စာရေးဆရာမ မချောက အလှူငွေကျပ် ၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဟောပြော

ထို့နောက် နိုဝင်ဘာ ၁၇ရက် မွန်းလွဲ ၂နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ အထက(၄) ကျောင်းစုံညီခန်းမ၌ ဟောပြောပွဲကျင်းပရာ ဆရာမြင်းမူမောင်နိုင်မိုး၊ ဆရာမ ကြူကြူသင်း၊ ဆရာမောင်စိုးထိုက်(သုံးဆယ်)တို့က စာပေရေးရာများ ဟောပြောကြသည်။

ရခိုင်ပြည်နယ် စာပေဟောပြောပွဲခရီးစဉ်အတွင်း သက်ကြီးစာပေပညာရှင်များအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၈၃၀၀၀၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူဆယ်မြို့နှင့် ကြူကုတ်(ပန်ဆိုင်း)တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)၏ စီစဉ်မှုဖြင့် မူဆယ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဦးစီးကျင်းပသော စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၃ရက် ည ၇နာရီက မူဆယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။ အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် နွမ်ဂျာသိုင်းတို့က စာပေရေးရာများကို ဟောပြောကြသည်။

ဟောပြောခဲ့

အလားတူ ကြူကုတ် (ပန်ဆိုင်း) မြို့မ၌လည်း နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် စာပေဟောပြောပွဲကျင်းပခဲ့ရာ မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် နွမ်ဂျာသိုင်းတို့က ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ယူနိုက်တက်က ရတနာပုံအသင်းကို ဂိုးပြတ်သွင်း မကွေးအသင်းနှင့် ဥဿာယူနိုက်တက်တို့ တစ်မှတ်စီခွဲယူ

ရန်ကုန် ဒီဇင်ဘာ ၂

MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက စလင်းကွင်းနဲ့ ပဒုမ္မာကွင်းတို့မှာ ဆက်လက်ကျင်းပပါတယ်။ ရန်ကုန်ယူနိုက်တက်က ခြေစွမ်းပြကာ ရတနာပုံအသင်းကို အနိုင်ရရှိခဲ့ပြီး မကွေးအသင်းနဲ့ ဥဿာယူနိုက်တက်တို့ ဂိုးမသွင်းနိုင်ကြဘဲ တစ်မှတ်စီ ခွဲယူခဲ့ကြပါတယ်။

စလင်းကွင်း

ရန်ကုန်ယူနိုက်တက် - သုံးဂိုး။
ကျော်သူရ-နှစ်ဂိုး၊ ရန်အောင်ဝင်း-တစ်ဂိုး။
ရတနာပုံအသင်း - ဂိုးမရှိ။

အကောင်းဆုံးဆု

ကျော်သူရ (ရန်ကုန်ယူနိုက်တက်)

ပဒုမ္မာကွင်း

မကွေးအသင်း - ဂိုးမရှိ။
ဥဿာယူနိုက်တက် - ဂိုးမရှိ။

အကောင်းဆုံးဆု

သီဟဇော် (မကွေးယူနိုက်တက်)

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

ပဒုမ္မာကွင်း

ဒဲလ်တာယူနိုက်တက်
နှင့်
ဇေယျာရွှေမြေအသင်း

စလင်းကွင်း

ဆောက်သမ်းမြန်မာ
နှင့်
ကမ္ဘောဇအသင်း

(မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

ပစိဖိတ်သမုဒ္ဒရာအတွင်းမှ တူဗာလူးနိုင်ငံ

နိုင်ငံတကာ သတင်းအက်ဆေး



တူဗာလူးနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းတွင် တည်ရှိသည်။ ဤနိုင်ငံမှာ ကျွန်းငယ်ကိုးကျွန်းဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည်။ ၁၉၇၈ခုနှစ်တွင် ဗြိတိသျှအုပ်စိုးမှုအောက်မှ လွတ်လပ်ရေးရလာသည်။ ကျွန်းငါးကျွန်းမှာ သန္တာကျောက်တန်းများဖြစ်ပြီး အခြားကျွန်းလေးကျွန်းမှာမူ သမုဒ္ဒရာကြမ်းပြင်မှ ပေါ်ထွက်လာသည့် ကျွန်းငယ်များဖြစ်သည်။

တိုက်ပွဲဝင်

ဤနိုင်ငံ၏ မြေမျက်နှာပြင်မှ မည်သည့်နေရာဒေသမဆို ပင်လယ်ရေမျက်နှာပြင်အထက် ၄ဒသမ၅မီတာမျှပင်မကျော်သဖြင့် တူဗာလူးကျွန်းနိုင်ငံမှာ ကမ္ဘာ့ရာသီဥတုဆက်ဆိုးရွားလာလျှင် ပျောက်ကွယ်မည့် အန္တရာယ်ကြုံတွေ့နေရသည်။ သို့မို့ကြောင့်ပင် တူဗာလူးနိုင်ငံရေးသမားများက ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် တက်ကြွစွာနှိုးဆော်တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။

သိမ်းကျုံးခေါ်ဝေါ်

ဤနိုင်ငံသို့ တွန်ဂါများ၊ ဆာမိုအာများနှင့် ပိုလီနီးရှန်းများသည် ၁၄ရာစုက ပြောင်းရွှေ့လာခဲ့ကြသည်။ ၁၅၆၈-၁၅၉၅ခုနှစ်များအတွင်း စပိန်တို့ရောက်လာသည်။ ၁၈၁၉ခုနှစ်တွင် ဗြိတိန်အမတ်အက်ဒွပ်အဲလစ်ပိုင် သင်္ဘောတစ်စင်းဆိုက်ရောက်လာပြီး ဖူနာဖူတာကျွန်းကို အဲလစ်ကျွန်းဟု သင်္ဘောမာလိန်မှူးက အမည်ပေးလိုက်သည်။ ထို့နောက် ကျွန်းကိုးကျွန်းစလုံးကို အဲလစ်ကျွန်းများဟု သိမ်းကျုံးခေါ်ဝေါ် သမုတ်လိုက်သည်။

သို့မို့ကြောင့်ပင် တူဗာလူး နိုင်ငံရေးသမားများက ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် တက်ကြွစွာ နှိုးဆော်တိုက်ပွဲဝင်နေကြခြင်းဖြစ်။

၁၈၅၀-၁၈၇၅ ခုနှစ်တွင် ဖီဂျီနှင့် ကွင်းစလန်တို့ရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဲလစ်ကျွန်းများရှိ ကျွန်းသားများကို အဓမ္မစေခိုင်းရန် ပြန်ပေးဆွဲသည်။ ဥရောပမှရောဂါများ ကူးစက်လာသဖြင့် အဲလစ်ကျွန်းသားဦးရေမှာ ၂၀၀၀၀ရှိရာမှ ၃၀၀၀အထိ ကျဆင်းသွားသည်။ ၁၈၆၃ခုနှစ်တွင် ပီရူးကျွန် ကုန်သည်များက ကျွန်းသား ၄၀၀တို့ကို ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့သည်။

ကြေညာ

၁၈၇၇ခုနှစ်တွင် ဗြိတိန်က အနောက်ပစိဖိတ် မဟာမင်းကြီးရုံး ဖွင့်လှစ်သည်။ ဌာနချုပ်မှာ ဖီဂျီတွင်ဖြစ်၏။ အဲလစ်ကျွန်းများနှင့် အခြားကျွန်းစုများကို ဗြိတိန်၏ စီရင်ပိုင်ခွင့်အောက်သို့ သွတ်သွင်းလိုက်သည်။ ၁၈၉၂ခုနှစ်တွင် အဲလစ်ကျွန်းများနှင့် ဂီလ်ဘတ်ကျွန်းများကို ပူးတွဲအထိန်းသိမ်းခံနိုင်ငံအဖြစ် ဗြိတိန်က ကြေညာသည်။ ၁၉၁၆ခုနှစ်တွင် ဂီလ်ဘတ်နှင့် အဲလစ်ကျွန်းများကို ကိုလိုနီထူထောင်သည်။ နောင်အနှစ် ၂၀အတွင်း လိုင်းကျွန်းများ၊ ဖိုးနစ်ကျွန်းများ အပါအဝင် အခြားကျွန်းစုကိုပါ ကိုလိုနီလက်အောက်ခံအဖြစ် သတ်မှတ်သည်။

၁၉၇၄ခုနှစ်တွင် လူမျိုးရေးပြဿနာ ပေါ်ပေါက်လာသည်။ ပိုလီနီးရှန်းအဲလစ်ကျွန်းသား ၉၀ရာခိုင်နှုန်းကျော်တို့က မိုက်ခရိုနီးရှန်း၊ ဂီလ်ဘတ်ကျွန်းများ၏ စိုးမိုးမှုမှ ခွဲထွက်ရန် ဆန္ဒမဲပေးကြသည်။

ရွေးကောက်ပွဲကျင်းပ

၁၉၇၅ခုနှစ်တွင် အဲလစ်ကျွန်းများသည် တူဗာလူးအမည်ဖြင့် သီးသန့် ဗြိတိသျှလက်အောက်ခံနိုင်ငံဖြစ်လာသည်။ တိုအာရီပီလောတီကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၇၆ခုနှစ်တွင် ဂီလ်ဘတ်ကျွန်းမှ တရားဝင်ခွဲထွက်သည်။ ၁၉၇၇ခုနှစ်တွင် ပထမဆုံး သီးခြားရွေးကောက်ပွဲ ကျင်းပသည်။

၁၉၇၈ခုနှစ် အောက်တိုဘာ ၁ရက်တွင် လွတ်လပ်ရေးရရှိသည်။ တိုဘာရီပီလောတီကို ဝန်ကြီးချုပ်တာဝန်ပေးသည်။ ၁၉၈၇ခုနှစ်တွင် ဖွံ့ဖြိုးရေးအကူအညီပေးရေးအတွက် ဗြိတိန်၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့က တူဗာလူးယုံကြည်အပ်နှံမှုရန်ပုံငွေထူထောင်သည်။ ထိုရန်ပုံငွေသို့ တောင်ကိုရီးယားနှင့်ဂျပန်တို့ကလည်း ငွေကြေးထည့်ဝင်သည်။

၁၉၈၉ခုနှစ်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၁ရာစုနှစ်အတွင်း ပင်လယ်ရေအောက် နစ်မြုပ်ပျောက်ကွယ်သွားနိုင်သည့် ကျွန်းများစာရင်းတွင် တူဗာလူးနိုင်ငံကိုပါ ကုလသမဂ္ဂက ထည့်သွင်းကြေညာသည်။ ၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ၂၀၀၁ ခုနှစ်တွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ရေလွှမ်းခံရမည့် အန္တရာယ်ကြုံလာလျှင် မိမိတို့နိုင်ငံသို့ လာရောက်အခြေချကြရန် တူဗာလူးနိုင်ငံသားများအား နယူးဇီလန်နိုင်ငံက ကမ်းလှမ်းလိုက်သည်။

ထုတ်ပြန်

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လေထုတွင်းထုတ်လွှတ်မှုလျှော့ချရေးကို ကျိုတိုနိုင်ငံတကာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်သည့် အမေရိကန်နိုင်ငံအား တူဗာလူးနိုင်ငံက ကီရီဘာတီနှင့် မော်လဒိုက်နိုင်ငံများနှင့်အတူ တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ၂၀၀၁ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာသည်။

ဤနိုင်ငံ၏ တစ်ခုတည်းသောပို့ကုန်မှာ အုန်းသီးဆန်ခြောက်ပင်ဖြစ်သည်။ ဤနိုင်ငံမှာ နိုင်ငံခြားအကူအညီ၊ ငါးမည်းလုံးငါးဖမ်းလိုင်စင်ရောင်းရငွေ၊ ၁၉၈၇ ခုနှစ်က ထူထောင်သည့် ယုံကြည်အပ်နှံမှု ရန်ပုံငွေမှရရှိသော အတိုးတို့အပေါ် မှီခိုနေရသည်။ ထို့ပြင် တံဆိပ်ခေါင်းရောင်းချရာမှ ရရှိသောဝင်ငွေလည်း ရှိသေးသည်ဟုဆိုပါကြောင်း ။ ။

ကိုးကား-အင်တာနက် **တိုးရေးသားသည်**

ကမ္ဘာ့အကြီးဆုံးမြို့များ

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများအနက် ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့ကြီးအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

ရှန်ဟိုင်းမြို့

တရုတ်နိုင်ငံအလယ်ပိုင်း ယန်စီမြစ်ကမ်းခြေ၌ တည်ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့တစ်မြို့ဖြစ်ပြီး မြို့ပြဧရိယာ အကျယ်ဆုံးမြို့လည်းဖြစ်သည်။ **(ဝဲပုံ)** တရုတ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးမြို့တစ်မြို့ဖြစ်ပြီး ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုအလျင်မြန်ဆုံး မြို့လည်းဖြစ်သည်။ ရှန်ဟိုင်းမြို့၏ အကျယ်အဝန်းမှာ ၁၉၂၈၈တုရန်းကီလိုမီတာရှိပြီး ၂၀၀၈ခုနှစ် စာရင်းကောက်ယူမှုအရ လူဦးရေ ၁၈၈၈၄၆၀၀ကျော် နေထိုင်သည်။ ရှန်ဟိုင်းမြို့သည် ခရိုင်ပေါင်း ၁၈ခရိုင်ပါဝင်ပြီး စီရင်စုတစ်စုလည်းပါဝင်သည်။ ရှန်ဟိုင်းမြို့သည် ကမ္ဘာပေါ်တွင် အကြီးဆုံး ကုန်တင်ဆိပ်ကမ်းမြို့ဖြစ်ပြီး မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၊ သင်္ဘောလုပ်ငန်းကုမ္ပဏီနှင့် အခြား စီးပွားရေးလုပ်ငန်း အများအပြား အခြေစိုက်ရာ မြို့ဖြစ်သည်။ **(အင်တာနက်)**

မွမ်ဘိုင်းမြို့

အိန္ဒိယနိုင်ငံ၏ မြို့တော်ဖြစ်ပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့လည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံ မဟာရာရှ်ထရာ ပြည်နယ်၌တည်ရှိပြီး လူဦးရေ များပြားစွာနေထိုင်ရာ မြို့ကြီးတစ်မြို့လည်းဖြစ်သည်။ ယခင်က ဘုံဘေဟု အမည်ပေးခဲ့သော်လည်း ၁၉၉၅ခုနှစ်တွင် မွမ်ဘိုင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ (အောက်ပုံ) မွမ်ဘိုင်းမြို့တွင် ခရိုင်နှစ်ခု ပါဝင်ရာ မွမ်ဘိုင်းစီးတီးနှင့် မွမ်ဘိုင်းစူဘူရာဘန်ခရိုင်တို့ဖြစ်သည်။ မွမ်ဘိုင်းမြို့၏ အကျယ်အဝန်းမှာ ၆၀၃ ဒသမ ၄၈တုရန်း ကီလိုမီတာရှိပြီး ၂၀၀၈ခုနှစ် စာရင်းကောက်ယူမှုအရ လူဦးရေမှာ ၁၃၉၂၂၁၂၅ဦး ဖြစ်သည်။ ဘောလီးဝုဒ်ရုပ်ရှင်၊ စတော့ငွေကြေးဈေးကွက်၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာ မြို့လည်းဖြစ်သည်။ (အင်တာနက်)

ကရာချိမြို့

ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်အတွင်းတည်ရှိပြီး ကမ္ဘာပေါ်တွင် မြို့ပြဧရိယာအကျယ်ဝန်းဆုံး မြို့တစ်မြို့လည်းဖြစ်သည်။ ကရာချိမြို့သည် အကျယ်အဝန်းစုစုပေါင်း စတုရန်းကီလိုမီတာ ၃၅၃၀ရှိပြီး နေထိုင်သည့် လူဦးရေမှာ ၁၈သန်းကျော်ရှိသည်။ ကရာချိမြို့တွင် အထည်အလိပ်လုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများစွာ အခြေစိုက်သည့် မြို့လည်းဖြစ်သည်။ **(အပေါ်ပုံ)** ကရာချိမြို့သည် တောင်အာရှဒေသ၌ ပညာတတ်အပေါ်များဆုံးမြို့လည်းဖြစ်ပြီး ကရာချိမြို့၏ စည်ပင်သာယာရေးကော်မတီကို ၁၈၅၃ခုနှစ်ကပင် ဖွဲ့စည်းကာ မြို့စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်ပြီး ဖွံ့ဖြိုးမှုလျင်မြန်သော မြို့တစ်မြို့လည်း ဖြစ်သည်။ **(အင်တာနက်)**

4-12 (15).pmd 1 12/3/2009, 10:51 AM

ယာဉ်နှင့် လမ်းစည်းကမ်းလိုက်နာရေး ဖြူးမြို့၌ ဆောင်ရွက်

ဖြူး နိုဝင်ဘာ ၃၀

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ဖြူးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ရက် နံနက် ၈နာရီက ဖြူးမြို့တောင်ဘက် ညောင်ကားယားရွာအနီး ရန်ကုန်-မန္တလေးကားလမ်း၌ မော်တော်ယာဉ်များ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်လိုင်စင်များပြည့်စုံမှု ရှိ မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိ မရှိတို့ကို စစ်ဆေးဆောင်ရွက်ကြသည်။ (အောက်ပုံ) (ဝ၅၁)



အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ခုနှစ် ကျေးလက်လမ်းတံတား ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အင်္ဂပူ-ညောင်ကျိုးကျေးလက်လမ်းပေါ်ရှိ အေးစေတီတံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးက ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်မှုအခြေအနေကို နိုဝင်ဘာ ၁၈ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ချိုချိုနွယ်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၈၂)

ကျန်းမာရေး စောင့်ရှောက်မှု ကန့်ဘလူ၌ ဆောင်ရွက်

ကန့်ဘလူ နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နု၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝေဝေဦး၊ ကလေးအထူးကုသမားတော်ကြီး ဒေါက်တာဝင်းဝင်းမာ၊ အထွေထွေရောဂါကု သမားတော်ကြီး ဒေါက်တာနီလာထွန်း၊ အရေပြားနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဌာန ဒေါက်တာအောင်မွန်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်က ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာနှင့် ထန်းကုန်းကျေးရွာတို့သို့ ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဌေးဌေးဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနလက်ထောက်ဆရာဝန် ဒေါက်တာစိုးသန္တာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ အသိပညာ ပေးဟောပြောခြင်း၊ ကလေးငယ်များ အာဟာရကျွေးမွေးပြုစုခြင်းတို့ကို နတ်ပေးရွာ၌ နံနက် ၈နာရီမှ ၁၁နာရီအထိလည်းကောင်း၊ ထန်းကုန်းရွာ၌ မွန်းလွဲ၁နာရီမှ ညနေ ၄နာရီခွဲအထိ လည်းကောင်း ဆောင်ရွက်ကုသပေးကြောင်း သိရသည်။ (ဝ၂၇)

အင်းတော် မော်လူးစံပြကျေးရွာဘက်စုံဖွံ့ဖြိုးရေး ၂၄နာရီ သဘာဝစိမ့်စမ်းရေရရှိရေး ဆောင်ရွက်

မော်လူး နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် မော်လူးဒေသအုပ်စု၊ ရပ်ကွက်၊ ကျေးရွာများသို့ ၂၄နာရီသဘာဝ စိမ့်စမ်းရေရရှိရေးအတွက် သဘာဝရေရရှိနိုင်ရေးကော်မတီမှ ဦးဆောင်၍ တတိယအကြိမ် ရေပေးဝေရေးလုပ်ငန်း အစည်းအဝေးကို အောက်တိုဘာ ၂၂ရက် နံနက်၁၀နာရီက မော်လူး ဒက္ခိဏာရာမကျောင်းတိုက်၌ ကျင်းပရာ ရေလျှောက်ထားသူ ၃၆၀တို့ တက်ရောက်ကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

စာစီစာကုံးပြိုင်ပွဲ ရေစကြို၌ ဆုချီးမြှင့်

ရေစကြို နိုဝင်ဘာ ၂၅

ရေစကြို အထက(၁) မြတ်မာခန်းမ၌ (၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၁ရက်က ကျင်းပရာ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသားကျောင်းသူများက ဇာတိမာန်တေးသီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (မြို့နယ် ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သာယာဝတီမြို့ အမှတ်(၂) ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ နိုဝင်ဘာ ၂၀ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ဆောက်ရန် မြေနေရာသတ်မှတ်

မိုးကောင်း နိုဝင်ဘာ ၂၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေး ဦးအောင်နေဆန်းတို့သည် နိုဝင်ဘာ ၁၇ရက် နံနက် ၉ နာရီက မြတောင်ကျေးရွာတွင် နိုင်ငံတော် ခွင့်ပြုငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။

သတ်မှတ်

ထို့နောက် မြတောင်ကျေးရွာဥက္ကဋ္ဌ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌဦးကျော်မောင်နှင့်ကော်မတီအဖွဲ့ဝင်များက မြေတိုင်းစာရေး ဦးအောင်နေဆန်းနှင့်အတူ စာကြည့်တိုက် ဆောက်လုပ်မည့် မိုးကောင်း-မြစ်ကြီးနားကားလမ်းဘေး မြေအကျယ် အလျားပေ၄၀× အနံ ၂၇ပေတို့ကို တိုင်းထွာသတ်မှတ်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော အမဲ၊ ဆိတ်၊ ဝက်၊ ငါး အရောင်းဆိုင်များ၌ သားငါးများ ရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ရောင်းချမှု ရှိမရှိကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်း ပြင်ဦးလွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်သန်းသန်းဝေ နိုဝင်ဘာ ၂၃ရက်က ပြင်ဦးလွင် မြို့နယ် ဆင်ခေါင်းလေးကျေးရွာအုပ်စု ဆင်ခေါင်းလေး ကျေးရွာတွင် နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော လင်းရောင်ခြည် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ခန္တီးမြို့၌ နည်းပညာသိပ္ပံကျောင်း ဆောက်လုပ်ရေးစစ်ဆေး

ခန္တီး နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်း ခန္တီးမြို့ အစိုးရနည်းပညာသိပ္ပံကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွန်းသည် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ လိုက်ပါ၍ အောက်တိုဘာ ၂၉ ရက်က ရောက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းကော်မတီဝင်များ၏ ရှင်းလင်းချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကာ ဆရာ ဆရာမများအဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ပင်မကျောင်းဆောင် ဆောက်လုပ်မည့် မြေနေရာတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ***(ခရိုင် ပြန်/ဆက်)***

ငွေရတုမင်္ဂလာဆုတောင်း

၄-၁၂-၂၀၀၉ရက်တွင် ကျရောက်သော **ဖေဖေ ဒေါက်တာဦးသိန်းမြင့်နှင့် မေမေ ဒေါက်တာဒေါ်ချိုချို** တို့၏ **(၂၅)နှစ်ပြည့်မင်္ဂလာရက်မြတ်**မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ သာယာချမ်းမြေ့သောဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး-မောင်ဖြိုးဇော်မြင့်
ချစ်သမီးလတ်-မဖြိုးသဇင်မြင့်
ချစ်သမီးငယ်-မကြည်ဖြိုးဖြိုးမြင့်ချို။

ဖုန်းနံပါတ်များပြောင်းလဲခြင်း

AMC Asia Metal Company Limited.

ဖော်ပြပါ ရုံးဖုန်းနံပါတ်များသို့ ပြောင်းလဲလိုက်ပါသဖြင့် အများပြည်သူတို့အား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဖုန်းနံပါတ်အသစ်များမှာ-(၉၅-၁)၆၁၈၁၃၅၊ ၆၁၈၁၃၇၊ ၆၁၈၄၂၂၊ ၆၁၈၄၂၃၊ ၆၁၈၄၃၂၊ ၆၁၈၄၃၃၊ ၆၁၈၄၃၄၊ Fax-(၉၅-၁)၆၁၈၂၂၀။

မြေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အုတ်တွင်းမြို့နယ် ဇီးဖြူသောင်ကျေးရွာအုပ်စု မအူပင်ကျေးရွာနေ ဦးမျိုးမြင့်-ဒေါ်ခင်စန်းမြင့်တို့၏သား ကျွန်တော်၏မြေးဖြစ်သူ မောင်ဇေယျာမျိုး ၇/အတန(နိုင်)၀၈၄၅၅၉သည် လူကြီးမိဘတို့၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိသဖြင့် မြေးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်မယူတော့ကြောင်း ကြေညာအပ်ပါသည်။ **အဘိုး-ဦးပေါက်စ ၇/အတန(နိုင်)၀၂၆၆၄၀။**

မဖြူဖြူခိုင် ၁၂/ဒဂတ(နိုင်) ၀၁၉၄၇၆ အား ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်းနှင့်

အများသိစေရန်ကြေညာခြင်း

မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်၊ ကမ္ဘာအေး၊ညောင်ပင်လမ်း၊အမှတ် (၂၃၄/ဘီ)နေ ဦးမျိုးမင်းဦး ၁၂/မရက(နိုင်) ၀၆၇၁၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မဖြူဖြူခိုင် ၁၂/ဒဂတ(နိုင်)၀၁၉၄၇၆သည် ဦးမျိုးမင်းဦးကို လက်ထပ်ပေါင်းသင်းခဲ့သည့် ၂၀၀၁ ခုနှစ်မှစ၍ မယားဝတ္တရားကျေပွန်မှုမရှိခဲ့ခြင်း၊ ဦးမျိုးမင်းဦး ရှာဖွေစုဆောင်းသမျှကို ထိန်းသိမ်းမှုမရှိခြင်း၊ ဦးမျိုးမင်းဦး၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေရန် အကြိမ်ကြိမ်ပြုမူပြောဆို နေထိုင်ခြင်း၊ အိမ်ထောင်ရေးပြစ်မှုများကျူးလွန်ခြင်းကြောင့် လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သည့်အတွက် ဦးမျိုးမင်းဦးက မဖြူဖြူခိုင်အား ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။

သို့ဖြစ်ရာ မဖြူဖြူခိုင်နှင့် ဦးမျိုးမင်းဦးမှာ လုံးဝမသက်ဆိုင်တော့၍ မဖြူဖြူခိုင်နှင့်ပတ်သက်သော မည်သည့်အရှုပ်အရှင်းကိစ္စကိုမှ ဦးမျိုးမင်းဦးက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မဖြူဖြူခိုင်အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ ဦးမျိုးမင်းဦးအား ထိခိုက်နစ်နာအောင် ပြုလုပ်လာပါက ဦးမျိုးမင်းဦးက ဥပဒေအရ ထိရောက်စွာ တိုင်ကြားအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း မဖြူဖြူခိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းဆွေ B.A.,R.L
တရားရုံးချုပ်ရှေ့နေ(၁၇၇၀)
အမှတ် ၈၃ ၊ အခန်း၁၄ ၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သမီးဖြစ်သူ မမို့မို့စံနှင့် သားဖြစ်သူ မောင်ဖိုးသာထူး(ခ)ရန်ပိုင်တို့သည်မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးနှင့်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

ဖခင် - ဦးစံငယ်(ခ)ဦးစံသောင်း
၆/ကသန(နိုင်)၀၁၁၉၂၁
မိခင် - ဒေါ်စိုးသန်း(ခ)ဒေါ်တိုးသန်း
၆/ကသန(နိုင်)၀၁၁၉၂၂
အောင်သုခရပ်ကွက်၊ သဲတန်း၊
ကော့သောင်းမြို့။

ရွှေဗီမာန် အားတိုးဆေး

ကျားမတို့၏သဘာဝအား ကိုတိုးပွားစေပြီးစားကောင်း အိပ်ပျော်လျက်ပိန်သူဝစေ၍၊ဝသူများအတွက်သွေးတိုး၊လေငန်းရောဂါများ ကိုကာကွယ်စေပါသည်။

ဆေးဆိုင်တိုင်းတွင်မေးဝယ်ပါ။

0311 YR 003633

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာတက္ကသိုလ်(သန်လျင်)

ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ဖော်ပြပါလုပ်ငန်းများကို လုပ်ငန်း အပ်နှံလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) သုံးထပ်ပင်မကျောင်းဆောင်သစ်ရှေ့ကားလမ်း(Main Road)ဖောက်လုပ်ခြင်းလုပ်ငန်း၊

(ခ) စာသင်ဆောင်များရှိ သန့်စင်ခန်းများနှင့် ကျောင်းစိမ်းလန်းစိုပြည်ရေးတို့အတွက် ရေလုံလောက်စွာရရှိရေးဆိုင်ရာ လုပ်ငန်းများနှင့် သန့်စင်ခန်းများပြုပြင်ခြင်းလုပ်ငန်း။

၂။ တင်ဒါပိတ်ရက်မှာ ၁၀-၁၂-၂၀၀၉ရက်ဖြစ်ပါ၍ တင်ဒါပုံစံနှင့် အချက်အလက်များကို ၂-၁၂-၂၀၀၉ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
နည်းပညာတက္ကသိုလ်(သန်လျင်)
ဖုန်း-၀၉-၅၀၂၉၄၁၀၊ ၂၁၃၃၀၂၅၊ ၈၆၀၂၄၄၃၊ ၈၆၀၂၀၅၃၊ ၀၅၆-၂၅၀၅၉၊ ၂၅၀၆၀။

ပျိုမေတို့တစ်ဝေ

အသားအရေ ဝါဝါဝင်း နုဂိုရည်ထက်
စိုပြည်ကာ သွေးသားသန့်ရှင်း ရောဂါကင်းစေဖို့
ဇကမ္ဘာမှ **နန္ဒင်းလုံး** ကို အစဉ်သုံးပါ
မီးနေသည်များပါ သုံးနိုင်ပါသည်။
ဇကမ္ဘာ မြန်မာ့ဆေး ထုတ်လုပ်ဖြန့်ချိရေး၊ ရန်ကုန်မြို့
ဗိုလ်ချုပ်ဈေး (အပေါ်ထပ်)၊ အမှတ် (၂၈)၊ မြောက်ဘက်တန်း၊
ဖုန်း - ၅၄၉၁၁၆ . ၇၂၅၆၅၉

သားအဖြစ်မှစွန့်လွှတ်ခြင်း

၁၂/ဥတက(နိုင်)၀၀၀၅၀၆ ကိုင်ဆောင်သူ မောင်သက်ခိုင်သည် မိဘ၏ဆုံးမမှုကို မနာခံခြင်း၊ မိဘအားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစပြီးအမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။

ဖခင်-ဦးမျိုးဝင်း
၁၂/ဥကတ(နိုင်)၁၂၉၇၃၂။

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်

အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်း ၁၂/တမန(နိုင်)၀၈၆၅၃၁၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်းမှ ဦးအေးကျော် ၁၂/တမန(နိုင်)၀၆၁၃၆၃အား ၁၀-၅-၂၀၀၄ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် အောင်သပြေလမ်း တိုက်အမှတ်(၃၂) အခန်းအမှတ် ၃၀၂ တတိယထပ်(ယာ)ခန်းနှင့် ပတ်သက်၍ ဒေါ်စန်းစန်းဝင်း၏အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းအား ကိုယ်စားဆောင်ရွက်ရန် ဦးအေးကျော်အား လွှဲအပ်ထားခဲ့သည်။ ယခုအခါ ဦးအေးကျော်သည် ဒေါ်စန်းစန်းဝင်းနှင့် မိခင်အပါအဝင် မိသားစု ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်ခဲ့ပါသဖြင့် အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်းနှင့် ဒေါ်စန်းစန်းဝင်း၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းပေးအပ်ခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ အိမ်ထောင်စုစာရင်းပြုလုပ်ပြီး နေထိုင်ခြင်းနှင့် တရားမဝင် ဦးအေးကျော်နှင့်ပတ်သက်ဆက်နွှယ်သူများကို ခွင့်ပြုချက်မရဘဲ ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်ဇံ
LL.B., D.B.L., D.M.L., D.I.L., D.A. Psy.,D.I.R
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၆၉၂)
အမှတ်၂၈၇၊ မဟာဗန္ဓုလလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မူလအလှူရှင်များနှင့် အသစ်အလှူရှင်များ သိစေရန် နှိုးဆော်ခြင်း

၁။ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းတော်ရာမြို့သစ်ရှိ ပိဋကတ်တော်လာ ပုဏ္ဏောဝါဒ သုတ္တံအလာ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးအား ပြည်သူအများကောင်းမှုဖြင့် လုံးတော်ပြည့် ရွှေချလှူဒါန်းခဲ့သည်မှာ ဆယ်နှစ်ခန့် ကြာပြီဖြစ်၍ ရွှေရောင်များ မှေးမှိန် ချွတ်ယွင်းလျက်ရှိနေပါသည်။ ထို့ကြောင့် ဘုရားကြီးအား (၂၀၁၀ ခုနှစ်တွင်) အသစ်တစ်ဖန် ရွှေချလှူဒါန်းရန် ဩဝါဒါစရိယအဖွဲ့နှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့တို့မှ လုံးတော်ပြည့် ရွှေအသစ်ချလှူရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ဘုရားကြီး၌ ထီးသုံးဆင့်၊ ငှက်မြတ်နား၊ ကြာမှောက်ကြာလန်၊ ဖောင်းရစ် (၁)၊ ဖောင်းရစ် (၂) စသည်အားဖြင့် သီးခြားနေရာ တာဝန်ယူ၍ အလှူရှင်များမှ လှူဒါန်းထားကြခြင်း ဖြစ်ပါသည်။ ယခုတစ်ဖန် ရွှေချလှူဒါန်းရာ၌ မိမိတို့၏ မူလနေရာများတွင် မူလအလှူရှင်များမှ လည်းကောင်း၊ ဆက်လက်၍ တာဝန်ယူပြီး လှူဒါန်းမှု (ပြု/မပြု)ကို ဖော်ပြပါလိပ်စာအတိုင်း ဘုရားဂေါပကအဖွဲ့ထံသို့ (၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်) ၃၀-၁၂-၂၀၀၉ ရက် နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန် နှိုးဆော်အပ်ပါသည်။

၃။ မူလ အလှူရှင်များ လစ်လပ်သောနေရာတွင် အသစ်လှူလိုသော အလှူရှင်များအား နေရာပေး၍ လှူဒါန်းစေရန် ဖြစ်ပါသောကြောင့် ဖော်ပြပါရက် ကျော်လွန်ပါက ဘုရားဂေါပကအဖွဲ့သည် လိုအပ်သလို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ ထို့ပြင် စေတီတော်ကြီး၏ အရံစေတီ (၁၀၄) ဆူ၌လည်း မူလသီးခြား ဒါယကာများယူ၍ လှူဒါန်းထားခြင်း ဖြစ်ပေရာ ယင်းအရံစေတီများ၏ ဒါယကာများမှလည်း ဆက်လက်တာဝန်ယူ၍ (လှူမည်၊ မလှူမည်)ကို အထက်ဖော်ပြပါ ရက်အတိုင်း နောက်ဆုံးထား၍ ဘုရားဂေါပကထံသို့ အကြောင်းပြန်ကြားရန် နှိုးဆော်အပ်ပါသည်။

မှတ်ချက်။ ။လှူဒါန်းရန်အတွက် ကုန်ကျမည့် ငွေကြေးပမာဏကို သိရှိနိုင်စေရန် နေရာနှင့် ကုန်ကျမည့် ရွှေဆိုင်း အရေအတွက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၅။ ၁။ (ဟင်းလင်းကြေးကြက်/၂ ဆိုင်း)၊ ၂။ (စိန်ပန်းခိုင်/၃ ဆိုင်း)၊ ၃။ (ထီးငယ်/၂ ဆိုင်း)၊ ၄။ (ထီးလတ်/၃ ဆိုင်း)၊ ၅။ (ထီးကြီး/၇၇ ဆိုင်း)၊ ၆။ (နယား ၁၀ ကောင်/၁၇ ဆိုင်း)၊ ၇။ (ငှက်မြတ်နား/၇၆ ဆိုင်း)၊ ၈။ (ကြာနှ၊ ရွှဲ ကြာမှောက်ကြာလန် /၁၂၈ ဆိုင်း)၊ ၉။ (အမှတ် ၁ ဖောင်းရစ်/ ၂၃ ဆိုင်း)၊ ၁၀။ (အမှတ် ၂ ဖောင်းရစ်/၂၆ ဆိုင်း)၊ ၁၁။ (အမှတ် ၃ ဖောင်းရစ်/၃၀ ဆိုင်း)၊ ၁၂။ (အမှတ် ၄ ဖောင်းရစ်/၃၅ ဆိုင်း)၊ ၁၃။ (အမှတ် ၅ ဖောင်းရစ်/ ၄၀ ဆိုင်း)၊ ၁၄။ (အမှတ် ၆ ဖောင်းရစ်/၄၇ ဆိုင်း)၊ ၁၅။ (အမှတ် ၇ ဖောင်းရစ်/၅၆ ဆိုင်း)၊ ၁၆။ (အမှတ် ၇ ဖောင်းရစ်/၆၅ ဆိုင်း)၊ ၁၇။ (အမှတ် ၉ ဖောင်းရစ်/၈၂ ဆိုင်း)၊ ၁၈။ (အမှတ် ၁၀ ဖောင်းရစ်/၁၀၅ ဆိုင်း)၊ ၁၉။ (အမှတ် ၁၁ ဖောင်းရစ်/၁၂၇ ဆိုင်း)၊ ၂၀။ (အမှတ် ၁၂ ဖောင်းရစ်/၁၅၃ ဆိုင်း)၊ ၂၁။ (အမှတ် ၁၃ ဖောင်းရစ်/ ၁၇၃ ဆိုင်း)၊ ၂၂။ (သပိတ်လုံး၌ ၈ မျက်နှာရှိရာတွင် တနင်္ဂနွေနံ အရပ်တစ်ခု၌/၅၆ ဆိုင်း)၊ ၂၃။ (ခါးစီးရွဲ၌ ၈ မျက်နှာရှိရာတွင် တနင်္ဂနွေနံအရပ်တစ်ခု၌/၂၀ ဆိုင်း)၊ ၂၄။ (ခေါင်းလောင်းနား၌ ၈ မျက်နှာရှိရာတွင် တနင်္ဂနွေနံ အရပ်တစ်ခု၌/၄၄ ဆိုင်း)၊ ၂၅။ (ရှစ်ထောင့် ပစ္စယာ၄ဆင့်ရှိရာတွင် အဆင့်တစ်ခု၌/၁၁၆ ဆိုင်း) စသည်အားဖြင့် တစ်ဦးစီ သီးခြားနေရာယူ၍ လှူဒါန်းနိုင်ပါသည်။ လှူဒါန်းရမည့် ငွေကြေးပမာဏကို သိလိုသော် ယခုအခါ ရွှေ ၁ ဆိုင်း (၃၀၀၀ကျပ်) ဈေးရှိ၍ (ဥပမာ ထီးငယ် ၂ ဆိုင်း x ၃၀၀၀ကျပ်=၆၀၀၀ကျပ်/လှူရမည်ဟု) တွက်ယူ သိရှိနိုင်ပါသည်။ ယခုအခါ ထီးငယ်၊ ထီးလတ်၊ ထီးကြီး၊ ငှက်မြတ်နားနှင့် ဖောင်းရစ် အမှတ် ၁ တို့ကို မူလ အလှူရှင်များမှ ပြန်လည်လှူဒါန်းပြီး ဖြစ်ပါသည်။

၆။ အရံစေတီ (၁၀၄)ဆူရှိရာတွင်စေတီလ်ရွှေရောင်ထီးတော်အသစ်နှင့် ရွှေဆေးကပ်လှူပြီး ကောင်းမှုရှင်ဆိုင်းဘုတ် အပါအဝင် (၂၀၀၀၀ကျပ်/) လှူဒါန်းရမည်ဖြစ်ပါသည်။

အကြောင်းပြန်ရန် နောက်ဆုံးရက် -၁၃၇၁ ခုနှစ်၊ နတ်တော်လကွယ်နေ့၊
၁၅-၁၂-၂၀၀၉ ရက်

အကြောင်းပြန်ရန်လိပ်စာ-အကျိုးတော်ဆောင်ချုပ်ဆရာတော် အရှင်ဓမ္မာစာရ (သာသနဓဇ ဓမ္မာစရိယ)နှင့် ဘုရားဂေါပကအဖွဲ့။
ကျောင်းတော်ရာမြို့သစ်၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်း။
ဖုန်း ၀၆၃-၆၀၂၅၈၊ ၀၉-၆၅၆ ၀၄၂၅
မှတ်ချက်။ ။စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ အကြောင်းပြန်နိုင်ပါသည်။

မဟုတ်မမှန်ကြောင်း ရှင်းလင်းကြေညာခြင်း

၁၅-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ၁၈-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ၁၉-၁၁-၂၀၀၉ ရက်ထုတ် ကြေးမုံသတင်းစာ၊ ၂၀-၁၁-၂၀၀၉ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၂၂-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာများ၌ ဖော်ပြပါရှိသော ဦးကံထွန်း (လက်ပံတန်း)နှင့် ဒေါ်အေးမြင့် (တွံတေး) တို့၏ နာရေးကြော်ငြာ၌ ဖော်ပြရာတွင် ဦးမြတ်သူဝင်း-MD (ရွှေမင်းသားအကျိုးဆောင်လုပ်ငန်းများကုမ္ပဏီလီမိတက်) နှင့် ပတ်သက်သည့် သဘောအဖြစ် ဖော်ပြထားချက်မှာ မမှန်ပါ။ အကယ်၍ နောင်တွင်ထပ်မံ၍ မမှန်မကန်ဖော်ပြပါလျှင် သက်ဆိုင်ရာဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြတ်သူဝင်း (MD)
ရွှေမင်းသားအကျိုးဆောင်လုပ်ငန်းများကုမ္ပဏီလီမိတက်
အခန်း (ဘီ-၁၀၄)၊အမှတ်-၇၉၇၊ဗိုလ်ချုပ်လမ်း (ဝါးတန်းလမ်းထောင့်)
မြန်မာ့အလှတာဝါ(၂)၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် (၁၀၀)၊ ခေါင်းရင်းဘက်ခြမ်း၊ မြေညီထပ်အခန်းကို ဒေါ်ကြည်ကြည်မြ ၁၂/တမန(နိုင်) ၀၁၀၆၇၄ထံမှ ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါ်စန်းစန်းဝင်း
အမှတ်-ဘီ-၁ (၅၀၉)၊ ဗညားဒလလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊
တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၁၅၈၄၉၈။

တစ်ဦးတည်းဖြစ်ကြောင်း

အဖဦးဘိုနီ၏ သားဖြစ်သူ ဦးဠတို ၈/ဆပဝ(နိုင်)၀၁၂၂၅၉ နှင့် ဦးမြင့်သန်း ၈/ဆပဝ(နိုင်) ၀၁၂၂၅၉ တို့သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဠတို(ခ) ဦးမြင့်သန်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ရေယာဉ် လုပ်သက်မှတ်တမ်းစာအုပ်အမှတ်-ရန်၁၁၃/ ၀၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပေးပါရန်။ **ဦးသိန်းနိုင်**

ဖုန်း-၀၉-၅၁၀၆၀၃၅။

မီးဘေးကြိုတင်ကာကွယ်

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ၂၅ရက်က ထားဝယ်မြို့ စည်ပင်သာယာဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၄၈)ကြိမ်မြောက် နှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယခုနှစ်ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှင့်အထက် ကန်တော့ခံအသင်းဝင် အဘိုးအဘွားများ၊ ဇီးကုန်း အထက၌ ပညာသင်ကြားပေးခဲ့ကြသော ရန်ကုန်ရောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် ဇီးကုန်းမြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ ၂၀၀၉ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်း မိတ္တူများကို ဒီဇင်ဘာ ၁၄ရက် နောက်ဆုံးထားပြီး စာရင်းပေးပို့ပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးအုန်းကျော် ဖုန်း-၀၅၁-၇၁၆၂၂၊ ၅၇၃၀၂၁၊ ဒေါ်သန်းအိ ဖုန်း-၅၀၀၄၄၇၊ ဦးသန်းအောင် ဖုန်း-၀၉-၅၁၁၂၅၃၃၊ ၅၀၇၃၁၁၊ ဦးကျော်ဝင်း ဖုန်း-၂၀၂၀၆၁၊ ၂၀၀၀၂၉၊ ဦးအေးလှိုင် ဖုန်း-၅၂၇၀၄၀၊ ဦးထွန်းအောင် ဖုန်း-၀၉-၅၁၇၄၅၅၀၊ ဦးရှိန်မင်း ဖုန်း-၆၄၂၈၄၆၊ ဦးလှဌေး ဖုန်း-၂၄၀၆၉၄၊ ၀၉-၅၀၁၂၈၆၅၊ ဦးမြင့်ဆွေ တစ်ဆင့် ဖုန်း-၅၀၁၅၃၆၊ ၆၄၂၆၉၃၊ ၆၄၁၀၈၃၊ ဒေါ်လှမြင့် ဖုန်း-၇၂၅၈၁၃၊ ဒေါ်သန်းသန်းအေး ဖုန်း-၇၂၅၉၈၃၊ဒေါ်မြင့်မြင့်တူးဖုန်း-၅၂၄၆၂၉ နှင့် ဒေါ်ခင်အေးရီ ဖုန်း-၀၉-၅၁၂၈၆၄၀၊ ၆၆၁၄၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာ ယိုဟန်နက်(စ်) ပီတာလိ(ခ်)သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာယိုဟန်နက်(စ်) ပီတာလိ(ခ်)အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) နှင့် (၅)တွင် ဖော်ပြထားပါသည်။

3-12 (20).pmd 1 12/3/2009, 11:00 AM